# ချင်းအမျိုးသားဂျာနယ်

အမှတ်စဉ် ၁/၀၆



**မေလ၊ ၂၀၀၆ ခုနှစ်**

ချင်းအမျိုးသားတပ်ဦး၊ သတင်းနှင့်ပြန်ကြားရေးဌာနမှ
တနှစ်သုံးကြိမ် ထုတ်ဝေသည်။

**Editor**
**P . O Box (94), Main Post Office, Aizawl 796001, Mizoram, INDIA**
**E.mail - <cnfdomain@yahoo.com, thetni@gmail.com>**

# မာ တိ ကာ

| ခေါင်းစဉ် | စာမျက်နှာ |
|---|---|
| ၁။ အယ်ဒီတာ့အာဘော် | ၃ |
| ၂။ တပ်ဦးထုတ်ပြန်ကျေညာချက်များ | ၄ ၈ |
| ၃။ အကောင်းဆုံးအဖော်မွန် (ကဗျာ) | ၁၀ |
| ၄။ စိမ်းလန်းစိုပြေဇလပ်မြေ (ကဗျာ) | ၁၀ |
| ၅။ အနာဂတ်ချင်းလဲန်ကိုတည်ဆောက်ရာဝယ် | ၁၂ |
| ၆။ ချင်းလူမျိုးခရစ်ယာန်သာသနာအမြင် | ၁၄ |
| ၇။ လှောင်အိမ်ထဲကငှက် (ကဗျာ) | ၂၂ |
| ၈။ သားကိုပြောလိုက်ချင်တယ် | ၂၃ |
| ၉။ သူငယ်ချင်း (ကဗျာ) | ၂၅ |
| ၁၀။ လုံးဝတားမြစ်ရေးလော၊ လျှော့သောက်ရေးလော | ၂၆ |
| ၁၁။ ဘာတွေလိုအပ်သလဲ | ၂၈ |
| ၁၂။ ချင်းအမျိုးသားနေ့ အမျိုးသားရေးတာဝန် | ၃၄ |
| ၁၃။ ပါတီလှုပ်ရှားမှုမှတ်တမ်းနှင့်ဓါတ်ပုံများ | ၅၇ |

## English Section

| | |
|---|---|
| 1. Chin National Day Message | 37 |
| 2. Chin Identity and CND | 40 |
| 3. Ethnics Nationalities or who are we | 43 |
| 4.The sound of silense | 47 |
| 5. Rethinking Parliamentary and federalP. 49 | |
| 6. The Crux of Conflicts | 53 |

## အယ်ဒီတာ့အာဘော်

မူလက ချင်းအမျိုးသားများ၏ အကြီးအကဲအုပ်ချုပ်သောနယ်မြေနှင့် သူကြီးများအုပ်ချုပ်သော ရပ်ရွာအလိုက် ၎င်းတို့၏ နိုင်ငံရေးဓလေ့စရိုက်နှင့်လူမှုရေးဓလေ့စရိုက်တွေဟာ တခုနှင့်တခု ကွဲပြားခြားနားကြသည်။ ထို့ထက် ပိုမိုကျယ်ပြန့်သော တမျိုးသားလုံးဆိုင်ရာ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးဆိုင်ရာ လှုပ်ရှားမှုဓလေ့မရှိခဲ့ပေ။

၁၉၄၈ ခုနှစ်၊ လွတ်လပ်ရေးရရှိလာသည့်အခါ အမြော်အမြင်ရှိသော ချင်းမျိုးချစ်ပုဂ္ဂိုလ်များက အနာဂါတ်ချင်းလဲန် တည်ဆောက်ရေးအမျိုးသားလှုပ်ရှားမှု၌ ချင်းတမျိုးသားလုံးစုရုံးပြီး ပူးပေါင်းပါဝင်လှုပ်ရှားနိုင်သည့် အခြေအနေကောင်းတခု ဖန်တီးရန် အားကြိုးမာန်တက် ကြိုးပမ်းခဲ့ကြသည်။ သို့ဖြင့် ၎င်းနှစ် ဖေဖော်ဝါရီ (၂၀)ရက်နေ့၌ အကြီးအကဲနှင့် သူကြီးအုပ်ချုပ်ရေးစံနစ်များကို ဖလမ်းညီလာခံက ဖျက်သိမ်းပြီး ချင်းတမျိုးသားလုံး လွှမ်းခြုံမည့် နိုင်ငံရေးဓလေ့စရိုက်တခုသို့ ပြောင်းလဲကာ လူထုကိုယ်စားလှယ်များက ဒီမိုကရေစီစံနစ်ဖြင့် စတင်အုပ်ချုပ်လာခဲ့သည်။ တနည်းအားဖြင့် ဒီမိုကရေစီအောင်ပွဲဟု ခေါ်ဝေါ် သမုတ်နိုင်ပေသည်။ သို့သော် ထိုစဉ်က ချင်းပြည်အတွင်း ဒီမိုကရေစီစံနစ်အောက်၌ အနိုင်ရပါတီနှင့် အတိုက်အခံပါတီများ ပီပီပြင်ပြင် ပေါ်ပေါက်လာခဲ့သော်လည်း လူထုအခြေပြုလူမှု အဖွဲ့အစည်းများ ကောင်းမွန်စွာ မပေါ်ထွန်းခဲ့ပေ။ တဆက်တည်းတွင် ၁၉၆၂ ခုနှစ် နေဝင်းအာဏာသိမ်းသည့်နောက်ပိုင်း တပါတီ ဆိုရှယ်လစ်စံနစ်နှင့် စစ်အာဏာရှင်များကို အကျိုးပြုသည့် လူထုအခြေပြုလူမှုအဖွဲ့အစည်းများကိုသာ ဦးစားပေးလာပြီး အခြားအခြေအနေအရပ်ရပ်အပေါ် လွတ်လွတ်လပ်လပ် ဖွဲ့စည်းသော လူမှုအသင်းအဖွဲ့များဖွဲ့စည်းခြင်းကို ပိတ်ပင်တားဆီးခဲ့သည်။

ယခုအခါ ကျနော်တို့အားလုံး ဒီမိုကရေစီရရှိရေး၊ စစ်မှန်သော ဖက်ဒရေပြည်ထောင်စုတည်ဆောက်ရေး၊ ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ပြန်လည် ရရှိရေးအတွက် တိုက်ပွဲဝင်ရာတွင် အနာဂတ်ကာလ၌ မိမိတို့ တည်ဆောက်သွားမည့် ဒီမိုကရေစီစံနစ်အတွင်း ကောင်းမွန်သော အစိုးရအုပ်ချုပ်ရေး တည်ဆောက်ရာမှာ လူထုအခြေပြုလူမှုအဖွဲ့အစည်းများပီပြင်စွာ ပေါ်ထွန်းလာရေးကို ချင်းပြည်သူတရပ်လုံးက အင်တိုက်အားတိုက် ဆောင်ရွက်ကြရပေမည်။

**CHIN NATIONAL FRONT**
**General headquarters, Chinland**

## နအဖစစ်အစိုးရက ချင်းပြည်နယ်၊ မတူပီမြို့ရှိ လက်ဝါးကားတိုင် ဖျက်ဆီးမှုနှင့်ပတ်သက်၍ သဘောထားထုတ်ပြန်ချက်။

● ချင်းအမျိုးသားတပ်ဦးသည် ချင်းလဲန်အတွင်း အခြေခံလူ့အခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ယုံကြည် ကိုးကွယ်ခွင့်နှင့် ဒီမိုကရေစီအခွင့်အရေးဖြစ်သည့် လွတ်လပ်စွာ ပြောဆိုရေးသားခွင့်နှင့် စည်းရုံးခွင့်မှုများကို ကျင့်သုံးလျက် ရှိသည်။ ဤသို့ကျင့်သုံးခြင်းဖြင့် လူမျိုးမရွေး၊ ဘာသာမရွေး လွတ်လပ်မှုရှိလာကာ လူ့ဘောင်အတွင်း ငြိမ်းချမ်း ရေးနှင့် တည်ငြိမ်မှုရရှိနိုင်မည်ဟု အလေးအနက်ယုံကြည်သည်။

● ၁၉၈၈ခုနှစ်၊ စစ်တပ်မှနိုင်ငံတော်အာဏာသိမ်းယူပြီး ယခုလက်ရှိနိုင်ငံတော်ဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်ကြီး စိုးဝင်းက အနောက်မြောက်တိုင်းတိုင်းမှူးအဖြစ် တာဝန်ထမ်းဆောင်ချိန်မှစတင်၍ ချင်းလဲန်အတွင်း ဘာသာရေး ဖိနှိပ်မှုများသည် ပိုမိုဆိုးရွားလာခဲ့သည်။ အထူးသဖြင့် ချင်းလဲန်အတွင်း ခရစ်ယာန်ဘာသာဝင်များ၏ အထွတ်အမြတ် စိုက်ထူထားသော လက်ဝါးကားတိုင်များကို ဖျက်ဆီးဖယ်ရှားကာ ဗုဒ္ဓဘာသာစေတီပုထိုးများ အစားထိုးတည်ဆောက်ခြင်း၊ ခရစ်ယာန် ကလေးသူငယ်များကို နည်းမျိုးစုံဖြင့်ဗုဒ္ဓဘာသာအဖြစ် အတင်းသိမ်းသွင်းခြင်း၊ ခရစ်ယာန် ဘုရားကျောင်းတည် ဆောက်ခွင့်များ ပိတ်ပင်ခြင်း၊ နိုင်ငံတော်ဘတ်ဂျက်ဖြင့်ထောက်ပံ့ထားသော ဗုဒ္ဓဘာသာ တောင်တန်းသာသနာပြုအဖွဲ့ကို အသုံးပြုပြီး ချင်းပြည်သူများအား အတင်းအဓမ္မတရားနာစေခြင်း၊ ဆွမ်းကပ်စေခြင်း၊ စေတီပုထိုးများ တည်ဆောက်ရန်အတွက် အလှူငွေကောက်ခံခြင်း၊ လုပ်အားပေးစေခြင်းများကို တစိုက်မတ်မတ်ပြု လုပ်လာခဲ့ပေသည်။

● ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၃)ရက်နေ့ညသန်းခေါင်ယံအချိန်တွင် ချင်းပြည်နယ်၊ မတူပီမြို့၌ အခြေစိုက်သော ဗျူဟာ (၂) ဗျူဟာမှူးဗိုလ်မှူးကြီးဆန်းအောင်ဦးဆောင်သည့် စစ်တပ်ကမတူပီမြို့ဒေသခံ ခရစ်ယာန်ဂိုဏ်း ပေါင်းစုံမှ စိုက်ထူထားသော ဘိုလ်တောင်ကုန်းရှိ လက်ဝါးကားတိုင်ဖျက်ဆီးခြင်းကို အပြင်းအထန် ရှုတ်ချပါ သည်။ ဤလုပ်ရပ်နှင့်ပတ်သက်၍ မတူပီကျောင်းသားများက ဘာသာရေးလွတ်လပ်မှုရရှိရန် ငြိမ်းချမ်းစွာ ကန့်ကွက် ဆန္ဒပြမှုအပေါ် ချင်းအမျိုးသားတပ်ဦးက အလေးအနက်ထောက်ခံပါသည်။ ထို့အပြင် မလေးရှားရောက်ချင်းအမျိုးသားများမှ နအဖ၏ လုပ်ရပ်အပေါ် ကန့်ကွက်ဆန္ဒပြမှုတွင် ဖမ်းဆီးခြင်းခံရသူများ၏ ကံကြမ္မာနှင့် ပတ်သက်၍ အထူး စိုးရိမ်ပူပန်ပြီး ၄င်းတို့ အား ပြန်လည်လွတ်မြောက်ရေးနှင့် မြန်မာနိုင်ငံသို့ပြန်ပို့ခြင်းမပြုရေးအတွက် အရေးယူဆောင်ရွက်ပေးပါရန် ကုလသမဂ္ဂဒုက္ခသည်များဆိုင်ရာမဟာမင်းကြီးရုံးနှင့် မလေးရှားအစိုးရအား အထူးမေတ္တာရပ်ခံပါသည်။

● ဤမတူပီလက်ဝါးကားတိုင် ဖျက်ဆီးမှုနှင့်ပတ်သက်၍ ချင်းလူ့အခွင့်အရေးအဖွဲ့အစည်းမှ ပြည်တွင်းပြည်ပရှိ ချင်းလူမျိုးများ အသိုင်းအဝိုင်းအား ၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ (၃၀) ရက်နေ့တွင် လူထုဆုတောင်းပွဲများ ကျင်းပပြုလုပ်ရန် နှိုးဆော်ခြင်းအပေါ် ချင်းအမျိုးသားတပ်ဦးမှ လှိုက်လှိုက်လှဲလှဲ ကြိုဆိုထောက်ခံပြီး ၎င်းတို့၏ လှုံ့ဆော်ချက်အတိုင်း ချင်းအမျိုးသားထုတရပ်လုံးက အင်တိုက်အားတိုက် ပါဝင်ကြပါရန် တိုက်တွန်းနှိုးဆော်အပ်ပါသည်။

● ထို့ကြောင့် ချင်းအမျိုးသားတပ်ဦးအနေဖြင့် မြန်မာနိုင်ငံအတွင်း စစ်အစိုးရက ဘာသာရေးဖိနှိပ်ချုပ်ချယ်မှု လုပ်ရပ်များကို ရပ်တန်းကရပ်ရန် တောင်းဆိုသည့်အပြင် ဤမတူပီမြို့ပေါ်ရှိ ခရစ်ယာန်လက်ဝါးကားတိုင် ဖျက်ဆီးမှု အပါအဝင် ချင်းလဲန်အတွင်းဘာသာရေး ဖိနှိပ်မှုများအား ကုလသမဂ္ဂနှင့် နိုင်ငံတကာအသိုင်းအဝိုင်းက စုံစမ်း လေ့လာမှုပြုလုပ်ပြီး ကြားဝင်ဖြေရှင်းမှုများ ပြုလုပ်ပေးပါရန် ထုတ်ပြန်ကျေညာအပ်ပါသည်။

ဗဟိုကော်မီတီ

၂၀၀၅ခုနှစ်၊ ဇန်နဝါရီလ(၂၅)ရက်နေ့

CHIN NATIONAL FRONT
General headquarters, Chinland

## (၅၇) နှစ်မြောက် ချင်းအမျိုးသားနေ့နှင့် ပတ်သက်၍ ချင်းအမျိုးသားတပ်ဦး၏ သဘောထား ထုတ်ပြန်ချက်

၁။ ယနေ့တွင် ကျရောက်သည့် (၅၇) နှစ်မြောက် ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတို့၏ လွတ်လပ်ရေး၊ ဒီမို ကရေစီရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့် ရရှိရေးတို့အတွက် လှုပ်ရှားတိုက်ပွဲဝင်ရင်း ပေါ်ထွက်လာခဲ့သည့် သမိုင်းဝင် နေ့ထူးနေ့မြတ် အခါသမယ ပင်ဖြစ်သည်။

၂။ ချင်းအမျိုးသားတို့၏ အမျိုးသားရည်မှန်းချက်များဖြစ်သည့် လွတ်လပ်ရေး၊ ဒီမိုကရေစီရေးနှင့် ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့် ရရှိရေးတို့သည် စစ်အာဏာရှင်စနစ်ကြောင့် ချင်းအမျိုးသားနေ့ စတင် ပေါက်ဖွားလာသည့် အချိန်မှ ယနေ့ထိတိုင် လက်တွေ့ အကောင် အထည်ဖော်ဆောင်နိုင်ခြင်း မရှိသေးပေ။ ဤ အမျိုးသားရည်မှန်းချက်များ အ ကောင်အထည် ဖော်ဆောင်ရေးသည် ချင်းအမျိုးသား အားလုံး၏ အမျိုးသားရေးတာဝန်တရပ် ဖြစ်သည်နှင့်အညီ၊ ဤအမျိုးသားရေး လှုပ်ရှားမှုများတွင် ချင်းအမျိုးသားတိုင်း တက်တက်ကြွကြွ ပါဝင်လှုပ်ရှားရေးသည် ချင်းအမျိုးသား တိုင်း၏ သမိုင်းပေးတာဝန် ဖြစ်သည်။

၃။ နိုင်ငံတော်အေးချမ်းသာယာရေးနှင့် ဖွံ့ဖြိုးရေးကောင်စီသည် ချင်းအမျိုးသားနေ့အား ချင်းပြည်နယ်နေ့အဖြစ် ပြောင်းလဲ ကျင်းပစေခြင်း၊ ချင်းဘာသာ စကားများအား စာသင်ကျောင်းများတွင် သင်ကြားခွင့် ပိတ်ပင် တားမြစ်ခြင်း၊ ချင်းအမျိုးသားများအကြား မျိုးနွယ်စုများအလိုက် ခွဲခြားဆက်ဆံ စေလျှက် ချင်းအမျိုးသားများ၏ စည်းလုံးညီညွတ်မှု ပျက်ပြားအောင် လုပ်ဆောင်ခြင်း၊ ဘာသာရေးအရ ဖိနှိပ်မှုများပြုလုပ်ခြင်းစသည့် လူမျိုးပပျောက်ရေး အစီအစဉ် များကို စံနစ်တကျ ချမှတ်ကျင့်သုံး လုပ်ဆောင်လျက်ရှိသည်။ နိုင်ငံတော် အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် ယင်းကဲ့သို့ လူမျိုးပပျောက်ရေးလုပ်ဆောင်မှုများ ကျင့်သုံးနေခြင်းကြောင့် မြန်မာ ပြည်တွင်းရှိ တိုင်းရင်းသား စည်းလုံးညီညွတ်ရေးကို ပိုမိုပြိုကွဲစေသည့်အပြင် ဒီမိုကရေစီစနစ် ကျင့်သုံးသည့် ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက်ရေးအတွက် မည်သို့မျှ အထောက်အကူပြုမည် မဟုတ်သဖြင့် အမျိုးသားတိုင်း၏ အခြေခံအခွင့်အရေးများ၊ ဒီမိုကရေစီ အခွင့်အရေးများ ကို လေးစားအသိအမှတ်ပြုရန် တိုက်တွန်း လိုပေသည်။

၄။ နိုင်ငံတော်အေးချမ်းသာယာရေး နှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် နိုင်ငံတကာ၏ အကြံပြုတိုက်တွန်း ချက်များ၊ နိုင်ငံရေးပါတီများ၏ မေတ္တာရပ်ခံချက်များနှင့် ပြည်ထောင်စု တိုင်းရင်းသားလူမျိုးများ၏ တောင်းဆိုတိုက်တွန်းမှုများကို လစ်လျူရှု၍ ဖွဲ့စည်းပုံ အခြေခံဥပဒေရေးဆွဲနိုင်ရေးအတွက် အခြေခံမူများ ချမှတ်မည့် အမျိုးသားညီလာခံအား ဆက်လက်ကျင်းပရန် လုပ်ဆောင်နေခြင်းသည် ပြည်ထောင်စုအား နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး၊ ပညာရေး၊ ကျန်းမာရေး စသဖြင့် အဖက်ဖက်မှ ပိုမိုယိုယွင်း ပျက်ဆီးစေမည့် အပြင် ပြည်တွင်း ပဋိပက္ခများ ပိုမိုဖြစ်ပေါ်စေ မည်သာဖြစ်သည်။ သို့ဖြစ်၍ တိုင်းပြည်အကျိုး၊ တိုင်းရင်းသား ပြည်သူအားလုံး၏ ရေရှည်အကျိုးကို အလေးထား ရှေ့ရှု၍ နိုင်ငံရေးပါတီ ကိုယ်စားလှယ်များ၊ လူမျိုးစုတိုင်း ရင်းသားများနှင့် တွေ့ဆုံဆွေးနွေး ညှိနှိုင်းကာ စစ်မှန်သော အမျိုးသားညီလာခံ ကျင်းပနိုင်ရေးအတွက်ကြိုးပမ်း လုပ်ဆောင်သင့်ပေသည်။

၅။ အင်ဒိုနီးရှားနိုင်ငံ ဂျာကာတာမြို့တွင် ဖေဖော်ဝါရီလ (၁–၂) ရက်နေ့ များ၌ ကျင်းပပြုလုပ်သည့် အာဆီယံ လွှတ် တော်အမတ်များ ကော်မီတီ အစည်းအဝေးတွင် အချက်အလက်ရှာဖွေရေးအဖွဲ့ တဖွဲ့အား မြန်မာနိုင်ငံသို့ စေလွှတ် ရန်ဆုံးဖြတ်ထားခြင်းကို ချင်းအမျိုးသား တပ်ဦးမှ လှိုက်လှဲစွာ ကြိုဆိုသည်။ မြန်မာနိုင်ငံတွင် သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေး ပွဲဖြစ်ပေါ်လာရေးနှင့် ဒီမိုကရေစီ ပေါ်ထွန်းရေး အတွက်များစွာ အထောက်အကူပြုလိမ့်မည်ဟု ယုံကြည်ယူဆပါသည်။ နိုင်ငံတော် အေးချမ်းသာယာ ရေးနှင့် ဖွံ့ဖြိုးရေးကောင်စီ အနေဖြင့် အာဆီယံ၏ အချက်အလက်ရှာဖွေရေး အဖွဲ့အား ကြိုဆိုလက်ခံ၍ ပူးပေါင်းလုပ်ဆောင်မှုများ ပြုလုပ်ရန် ချင်းအမျိုးသားတပ်ဦးအနေဖြင့် တိုက်တွန်း အပ်ပေသည်။

၆။ သို့ဖြစ်ပါ၍ နိုင်ငံရေးအနှစ်သာရနှင့် ပြည့်စုံသော (၅၇) နှစ်မြောက် ချင်းအမျိုးသားနေ့အခါသမယတွင် စစ်အာ ဏာရှင်စနစ်ကျဆုံးရေး၊ အမျိုးသားလွတ်မြောက်ရေးနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့် ပြန်လည်ရရှိရေး၊ စစ်မှန် သော ဖက်ဒရယ်ပြည်ထောင်စု တည်ဆောက် ရေး၊ ချင်းအမျိုးသားများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဖွံ့ဖြိုး တိုး တက်ရေးနှင့် ချင်းအမျိုးသားအားလုံး သွေးစည်းညီညွတ်ရေး အစွမ်းကုန် ဆောင်ရွက်ရေးတို့ကို ချင်းအမျိုးသားတိုင်း၏ အမျိုးသားရေးတာဝန်အဖြစ် နှလုံးသွင်းလျှက် အမျိုးသားတော်လှန်ရေးကို အားမာန်မလျော့၊ တက်ကြွစွာ ချင်း အမျိုးသားတိုင်း ဆက်လက်ဆင်နွှဲ ကြပါရန် ချင်းအမျိုးသား တရပ်လုံးနှင့် ချင်းလဲန်ပြည်သူများအား တိုက်တွန်း နိုး ဆော်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**

**၂၀၀၅ခုနှစ်၊ ဖေဖော်ဝါရီလ (၂၀) ရက်နေ့**

**CHIN NATIONAL FRONT**
General headquarters, Chinland

## ၅၈နှစ်မြောက် ချင်းအမျိုးသားနေ့ ထုတ်ပြန်ကြေညာချက်

၂၀၀၆ခုနှစ်ဖေဖော်ဝါရီလ(၂၀)ရက်နေ့သည် ကျက်သရေမင်္ဂလာအပေါင်းနှင့်ပြည့်စုံသော ၅၈နှစ်မြောက် ချင်းအမျိုးသားနေ့အခါသမယပင် ဖြစ်ပေသည်။ ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတို့၏ အမျိုးသားရေးအမြင်တိုးတက် ပြောင်းလဲမှု ဖြစ်စဉ်အရ ခေတ်သစ်စနစ်သစ်တည်ဆောက်ရေးနှင့် တမျိုးသားလုံး သွေးစည်းညီညွတ်ရေးကို အခိုင်အမာ ချမှတ်နိုင်ခဲ့သည့်နေ့ထူးနေ့မြတ်ပင်ဖြစ်သည်။

ချင်းအမျိုးသားနေ့သည် ထူးခြားသောသမိုင်းမှတ်တိုင်များကို အခြေပြု၍ထွက်ပေါ်လာခဲ့ခြင်းဖြစ်ပြီးချင်းအမျိုးသားတို့၏နိုင်ငံရေးနိုးကြားမှု၊အမျိုးသားရေးနိုးကြားမှုနှင့်လွတ်လပ်မှုမြတ်နိုးမှုအပေါ် အခြေခံကာထွက် ပေါ်လာခဲ့ခြင်းဖြစ်ပေသည်။ ၁၉၁၈ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် “ချင်းအမျိုးသားပညာရေး မြှင့်တင်ရေးအဖွဲ့ ဖွဲ့စည်း၍ချင်းအမျိုးသားတို့၏ ပညာရေးမြှင့်တင်ရေးအတွက် စတင်ကြိုးပမ်းဆောင်ရွက်ခြင်း၊ ၁၉၂၈ခုနှစ် ဖေဖော်ဝါရီလ (၂၀)ရက်နေ့တွင် “ချင်းတောင်ညီညွတ်ရေး အဖွဲ့” ဖွဲ့စည်း၍အင်္ဂလိပ်နယ်ချဲ့တော်လှန်ရေးတွင် ရှေ့တန်းမှပါဝင်ခြင်း၊ ၁၉၃၈ခုနှစ် ဖေဖော်ဝါရီလ(၂၀)ရက် နေ့တွင်ပြည်သူ့အင်အားဖြင့်အင်္ဂလိပ်ကိုလိုနီအုပ်ချုပ်ရေးအား အလိုမရှိကြောင်း ဆန္ဒပြ တောင်းဆိုခြင်း၊ ၁၉၃၉ခုနှစ်ဖေဖော်ဝါရီလ(၂၀)ရက်နေ့တွင် “ချင်းအမျိုးသားညီညွတ်ရေး အဖွဲ့” အား အင်္ဂလိပ်အစိုးရမှ မတရားအသင်းကြေညာပြီးချင်းမျိုးချစ်ခေါင်းဆောင်ဦးဝမ်းသူမောင် အပါအဝင်ခေါင်း ဆောင်(၉)ဦး အား ဖမ်းဆီးထောင်ချခြင်း၊ ၁၉၄၈ခုနှစ်ဖေဖော်ဝါရီလ(၁၉–၂၂)ရက်နေ့တွင် ဖလမ်းမြို့၌ ကျင်းပသည့် “ချင်းဝိသေသတိုင်းလုံးဆိုင်ရာညီလာခံ”မှ မြေရှင်ပဒေသရာဇ်စနစ်၊ တိုက်သူကြီးစနစ်ကို ဖြုတ်ချပြီး လူထု ရွေးချယ်သော ကိုယ်စားလှယ်များဖြင့်အုပ်ချုပ်သည့် ဒီမိုကရေစီစနစ်ဖြင့်ပြောင်းလဲ အုပ်ချုပ်ရန် ဆုံးဖြတ်ခြင်းစသည့်သမိုင်း မှတ်တိုင်များအပေါ် အခြေခံ၍ချင်းအမျိုးသားနေ့စတင်ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ချင်းအမျိုးသားနေ့သည် ချင်းအမျိုးသားတို့၏ သီးခြားဂုဏ်အင်လက္ခဏာ တည်ရှိမှုကို အထင်အရှားပေါ်လွင်စေသည့်အပြင် အမျိုးသားစည်းလုံးညီညွတ်မှုကိုလည်း ခိုင်မာသထက်ခိုင်မာစေခဲ့သဖြင့် အာဏာရှင်စနစ်နှင့် လူမျိုးကြီးဝါဒ ကိုင်စွဲထားသည့် အုပ်စိုးသူအစိုးရအဆက်ဆက်မှ ဖျောက်ဖျက်ရန်အကြိမ်ကြိမ် ကြိုးစားခဲ့ကြပေသည်။ ဖဆပလအစိုးရခေတ် ၁၉၅၆၊ ၅၇၊ ၅၈ခုနှစ်များတွင် ပန်းပွဲတော်အဖြစ်၎င်း၊ ၁၉၆၆ခုနှစ်တော်လှန်ရေး ကောင်စီခေတ်တွင် ချင်းဝိသေသတိုင်းနေ့အဖြစ်၎င်း၊ ၁၉၈၀ ခုနှစ် ဝန်းကျင်တွင်မဆလ အစိုးရမှ ချင်းအမျိုးသားနေ့နှင့် ချင်းပြည်နယ်နေ့ဟုတွဲ၍ကျင်းပစေခြင်းဖြင့်၎င်း ချင်းအမျိုးသား နေ့အားမေးမှိန်သေးသိမ်စေရန်ကြိုးပမ်းလုပ်ဆောင်ခဲ့ကြပြီး ၁၉၈၈ ခုနှစ်နောက်ပိုင်း နဝတ၊ နအဖခေတ်တွင်မူချင်း ပြည်နယ်နေ့အဖြစ်လုံးလုံး လျားလျားပြောင်းလဲ ကျင်းပစေခဲ့ပေသည်။ ယင်းကဲ့သို့ချင်းအမျိုးသားနေ့အားဖျောက်ဖျက် ရန်ကြိုးပမ်းအားထုတ်ခြင်းသည် မဟာလူမျိုးကြီးဝါဒီ အစိုးရ အဆက်ဆက်၏ လူမျိုးဝါးမြိုရေးအစီအစဉ်မှ တစိတ်တဒေသဖြစ်သဖြင့် ဤဖြစ်စဉ်ကို အလေးဂရုပြုလျက် မိမိတို့အမျိုး

သား များဆက်လက်ရပ်တည်ရှင်သန်နိုင်ရေး အတွက်တတပ်တအား ကြိုးပမ်းဆောင်ရွက်ကြရေးသည် ယနေ့ချင်းအမျိုးသားများ၏တာဝန်တရပ်ဖြစ်ပေသည်။

နိုင်ငံတော်အေးချမ်းသာယာရေးနှင့်ဖွံ့ဖြိုးရေးကောင်စီ(နအဖ)သည် ၁၉၉၃ခုနှစ်မှစ၍ ယနေ့ထိ အတုအယောင်အမျိုးသားညီလာခံအားကျင်းပလျက်ရှိပေသည်။ ယင်း နအဖညီလာခံသည် ၄င်းတို့ စိတ်ကြိုက် ချမှတ်ထားသော ဦးတည်ချက်(၆)ရပ်နှင့်အခြေခံမူ(၁၀၄)ချက်အပေါ်အခြေခံ၍ကျင်းပနေခြင်း၊ ၁၉၉၀ ရွေးကောက်ပွဲ အနိုင်ရပါတီများ ၏ကိုယ်စားလှယ်များမပါဘဲ တဖက်သတ်ကျင်းပခြင်း၊ ပြည်တွင်း၊ ပြည်ပ ဖိအား အမျိုးမျိုးပေးနေသည့်ကြားမှ ဒေါ်အောင်ဆန်းစုကြည်နှင့်ဦးတင်ဦးတို့ကို ပြန်မလွှတ်ပေးသည့်အပြင် အချုပ်သက်တမ်းများတိုးပေးလျက်ရှိခြင်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ သင်ပုန်းချေရေးနှင့်အမျိုးသားပြန်လည်သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရန်ကမ်းလှမ်းမှုအားအကြိမ်ကြိမ် လစ်လျူရှုခြင်း၊ တိုင်းရင်းသားနိုင်ငံရေး ပါတီများ၏ အမျိုးသား ပြန်လည် သင့်မြတ်ရေးအတွက် တွေ့ဆုံဆွေးနွေးမှုများပြုလုပ်ရန်တိုက်တွန်း တောင်းဆိုမှုအား လစ်လျူရှု ထားသည့်အပြင် တိုင်းရင်းသားခေါင်းဆောင်များဖြစ်သည့် ရှမ်းအမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ဥက္ကဋ္ဌ ခွန်ထွန်းဦးနှင့် အတွင်းရေးမှူးစိုင်းညွန့်လွင် အပါအဝင်တိုင်းရင်းသားခေါင်းဆောင်များအား နှစ်ရှည်ထောင်သွင်း အကျဉ်းချထားခြင်း၊ နိုင်ငံတကာ၏ တွေ့ဆုံဆွေးနွေးမှုပြုလုပ်ရေးတောင်းဆိုချက်ကိုလစ်လျူရှု၍အမျိုးသားညီလာခံအားဆက်လက်ကျင်းပနေခြင်းတို့သည်စစ်အာဏာရှင် စနစ်တည်တန့်ရေးကိုသာဦးတည်နေခြင်းဖြစ်သဖြင့်နအဖ၏ အမျိုးသားညီလာခံနှင့် ၄င်း၏လမ်းပြမြေပုံအားဝိုင်းဝန်းဆန့်ကျင်တိုက်ဖျက်သွားရေးသည် ချင်းအမျိုးသားတို့၏ လတ်တလောလုပ်ဆောင်ရမည့်တာဝန်ကြီးတရပ်ဖြစ်ပေသည်။

အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်၏ ၁/၂ (၂၀၀၆)ကြေညာချက်ပါ လွှတ်တော်ခေါ်ယူရေးနှင့် ယင်းလွှတ်တော်မှ နအဖစစ်အစိုးရအားကြားကာလတိုင်းပြည်ကို အုပ်ချုပ်မည့်တရားဝင်အစိုးရ အဖြစ်အသိအမှတ်ပြုရန် ကမ်းလှမ်းမှုသည် လက်တွေ့ကျ၍ အမျှော်အမြင်ရှိသောကမ်းလှမ်းမှုဖြစ်သည်ဟု ရှုမြင်သည်။ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်အနေဖြင့်လုပ်သင့်လုပ်ထိုက်သည့် အလုပ်ကိုအပျော့ပြောင်းဆုံးနှင့်အသိမ်မွေ့ဆုံးပြုလုပ်လိုက်ခြင်းဖြစ်ရာ နအဖ အနေဖြင့်လည်း တိုင်းရင်းသားပြည်သူလူထု၏အကျိုး၊ တိုင်းပြည်၏အကျိုးကိုငဲ့ကွက်၍ ယင်းအစီအစဉ်အား လက်တွေ့အကောင်အထည်ဖော်လာနိုင်ရေးအလို့ငှာ တွေ့ဆုံ ဆွေးနွေးမှုစတင်ပြုလုပ်ရန်လိုအပ်ပေသည်။

သို့ဖြစ်ပါ၍ ချင်းအမျိုးသားများအနေဖြင့် မိမိတို့၏အမျိုးသားဂုဏ်အင်လက္ခဏာများမပျောက် ပျက်ရေး၊ ဒီမိုကရေစီအခွင့်အရေးများပြန်လည်ရရှိရေး၊ တန်းတူမှုရှိသောဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးနှင့် မိမိတို့ကိုယ့်ကြမ္မာကိုဖန်တည်းခွင့်ပြန်လည်ရရှိရေးအတွက် မိမိတို့၏ညီညွတ်မှုကို အမြင့်မားဆုံးတည်ဆောက်ကာ အမျိုးသားရေး၊ ဒီမိုကရေစီရေးလှုပ်ရှားမှုများ၌တက်တက်ကြွကြွ ပါဝင်ဆင်နွှဲကြပါရန် ချင်းအမျိုးသားတရပ်လုံးနှင့်ချင်းပြည်သူတရပ်လုံးအား တိုက်တွန်းနိုးဆော်အပ်ပါသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ**

**၂၀၀၆ ခုနှစ်၊ ဖေဖော်ဝါရီလ(၂၀)ရက်**

**CHIN NATIONAL FRONT**
**General headquarters, Chinland**

## (၁၈) နှစ်မြောက်ချင်းတော်လှန်ရေးနေ့ထုတ်ပြန်ကြေညာချက်

၁။ ၂၀၀၆ခုနှစ်မတ်လ(၂၀)ရက်နေ့တွင်ကျရောက်သည့် (၁၈)နှစ်မြောက်ချင်းတော်လှန်ရေးနေ့သည် မြန်မာနိုင်ငံတွင် မဟာလူမျိုးကြီးဝါဒနှင့် စစ်အာဏာရှင်စနစ်ကိုချုပ်ငြိမ်းစေပြီး ချင်းအမျိုးသားတို့အနေဖြင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ပြန်လည်ရရှိရေး၊ ဒီမိုကရေစီထွန်းကားရေးနှင့် အမျိုးသားတန်းတူမှုကို အခြေခံသောပြည်နယ်ပေါင်းစု ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးတို့အတွက် စတင်တိုက်ပွဲဝင်ခဲ့သည့် နေ့ထူးနေ့မြတ် အခါသမယပင်ဖြစ်သည်။

၂။ ပြည်ထောင်စုမြန်မာနိုင်ငံ၏ နိုင်ငံရေးအရင်းခံပြဿနာသည် နိုင်ငံတော်ဖွဲ့စည်းပုံအခြေခံဥပဒေတွင် တန်းတူညီမျှမှုမရှိခြင်းနှင့်ဒီမိုကရေစီ ဆိတ်သုန်းနေသည့်ပြဿနာဖြစ်သဖြင့်ယင်းပြဿနာအားဖြေရှင်းရာတွင် တွေ့ဆုံ ဆွေး နွေးညှိ နှိုင်း အဖြေရှာခြင်းဖြင့် သာပြေလည်ဖြေရှင်း နိုင်မည်ဟုအခိုင်အမာယုံကြည်သည်။ ထိုသို့ယုံကြည်သည့်အလျောက် သုံးပွင့်ဆိုင်တွေ့ဆုံဆွေးနွေးခြင်းသည်သာလျှင် မြန်မာ့နိုင်ငံရေးပြဿနာကို ဖြေရှင်းရာ၌ အသင့်တော်ဆုံးနှင့်အမှန်ကန်ဆုံးနည်းလမ်းဖြစ်သည်ဟုချင်းအမျိုးသားတပ်ဦးအနေဖြင့်အခိုင်အမာယုံကြည် ယူဆသည်။ ထို့ကြောင့်အမျိုး သားပြန်လည်သင့်မြတ်ရေးနှင့် မြန်မာ့နိုင်ငံရေးပြဿနာအားအမြန်ဆုံးဖြေရှင်း နိုင်ရေးအတွက်စစ်အစိုးရ၊ ဒီမိုကရေစီအင် အားစုများနှင့် တိုင်းရင်းသားလူမျိုးစုများ သုံးပွင့်ဆိုင်တွေ့ဆုံ ဆွေးနွေးနိုင်ရန် စစ်အစိုးရအနေဖြင့် အမြန်ဆုံး စီစဉ်ဆောင်ရွက်အကောင် အထည်ဖော်ရန်အထူးလိုအပ်နေပေသည်။

၃။ ချင်းအမျိုးသားများနှင့် ချင်းပြည်သူများ၏ စည်းလုံးညီညွတ်မှုသည် ယနေ့ဆင်နွှဲနေသော အမျိုးသားခုံတော် လှန်စစ်ပွဲ၏ အင်အားများဖြစ်သည်ဟုခံယူသည်။ စစ်အာဏာရှင်စနစ်နှင့်မဟာလူမျိုးကြီးဝါဒကိုတမျိုး သားလုံးပါဝင် ၍တိုက် ထုတ်ချေမှုန်းကြမှသာလျှင် လျင်မြန်စွာ အောင်ပွဲသို့အရောက်လှမ်းနိုင်ကြမည်ဖြစ်သည်။ ထို့ကြောင့်ပြည်တွင်း၊ ပြည်ပရှိ ချင်းပြည်သူများနှင့်ချင်း အမျိုးသားများ အနေဖြင့် အမျိုးသားရေးနှင့် ဒီမိုကရေစီရေးလှုပ်ရှားမှုများ တွင်ကျရာအခန်းကဏ္ဍမှ တက်တက်ကြွကြွပါဝင်ဆင်နွှဲကြ ပါရန်တိုက် တွန်းလိုပေသည်။

၄။ ယနေ့အချိန်အခါသည်ပြည်တွင်း၌တိုင်းရင်းသားပြည်သူများ၏ ကြံ့ကြံ့ခံရပ်တည်လှုပ်ရှားမှုကြောင့်သော်၎င်း၊ နိုင်ငံ တကာ၌ ဒီမိုကရေစီနှင့်လူ့အခွင့်အရေးကိုလေးစားသည့်နိုင်ငံများမှ သံတမန်ရေး၊ စီးပွားရေးပိတ်ဆို့အရေးယူမှုများ ကြောင့်သော်၎င်း စစ်အစိုးရအနေဖြင့် အကြပ်အတည်းပေါင်းစုံနှင့် ရင်ဆိုင်နေရသည့် အချိန်အခါဖြစ်သည်။ သို့သော် စစ်အစိုးရအနေဖြင့် စစ်အာဏာရှင်စနစ် ဆက်လက်ရပ်တည်ရှင်သန်နိုင်ရေးအတွက် ဖြစ်ပေါ်လာမည့် အကျိုးဆက် မှန်သမျှ ရင်ဆိုင်ရန်ပြင်ဆင်လျှက် ၎င်း၏နိုင်ငံရေး လမ်းပြမြေပုံ အတိုင်း ဆက်လက် လုပ်ဆောင်လျက်ရှိနေပေသည်။ ထို့ကြောင့်တိုင်းရင်းသား ပြည်သူများ အနေဖြင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်နှင့်တိုင်းရင်းသားနိုင်ငံရေးပါတီများအပါအဝင်အမျိုး သားရေး၊ ဒီမိုကရေစီရေးလှုပ်ရှားလျက်ရှိသည့်အင်အားစုများနှင့်အတူလက်တွဲကာ နိုင်ငံတကာ၏ သံတမန်ရေး စီးပွားရေးပိတ်ဆို့ အရေးယူမှုများနှင့် ဆက်စပ်လျက် ပြည်တွင်းပြည်ပလှုပ်ရှားမှုများတွင် ရဲရဲတုံ့တုံ့ပါဝင်ဆင်နွှဲ ခြင်းအားဖြင့် စစ်မှန်သည့် ဒီမိုကရေစီ ဖက်ဒရယ်ပြည်ထောင်စုတည်ဆောက်ရေးဆီသို့ချီတက်ကြပါရန် တိုက်တွန်းလို ပေသည်။

၅။ မကြာမီကျင်းပမည့် ချင်းအမျိုးသားညီလာခံ (Chin National Assembly) သည် ချင်းနိုင်ငံရေး အဖွဲ့အစည်းများ၊ တတ်သိပညာရှင်များနှင့် လူမှုအဖွဲ့အစည်းများအနေဖြင့် အမျိုးသားရေးနှင့် ဒီမိုကရေစီရေး လှုပ်ရှားမှု များပြုလုပ်ကြရာတွင်ပိုမိုစည်းညီညွတ်မှုကို ဖြစ်ပေါ်လာစေမည့်အပြင် ထိရောက်သောနိုင်ငံရေး တိုက်ပွဲလုပ်ငန်း စဉ်များပါချမှတ်နိုင်ကြလိမ့်မည်ဟုယုံကြည်သည်။ ထို့အပြင်ချင်း အမျိုးသားတို့၏အမျိုးသားရေးဆိုင်ရာ အရေးပါသည့် ကိစ္စရပ်များကိုပါ ဆွေးနွေးဆုံးဖြတ်ကြမည်ဖြစ်ရာ ချင်းအမျိုးသားညီလာခံအား ချင်းတမျိုးသားလုံးမှဝိုင်းဝန်း ထောက် ခံကြရန်နှင့်ပါဝင်တက်ရောက်ကြပါရန်တိုက်တွန်းလိုက်ရပေသည်။

**ဗဟိုအလုပ်အမှုဆောင်ကော်မီတီ ၂၀၀၆ခုနှစ်၊ မတ်လ (၂၀)ရက်နေ့**

ဤ ဂျာ နယ် တွင်
ရေး သား ဖော် ပြ ထား သော
က ဗျာ။ ကာ တွန်း နှင့်
ဆောင်း ပါး များ သည်
စာ ရေး သူ တ ဦး ချင်း စီ ၏
အ မြင် နှင့် သ ဘော ထား
များ သာ ဖြစ် သည်၊

အမှတ်စဉ် ၂/၀၆၊ ချင်းအမျိုးသားဂျာနယ်ကို
၂၀၀၆ခုနှစ်၊ ဂျူလိုင်လအတွင်း
ပြန်လည်ထုတ်ဝေမည်ဖြစ်ပါသည်။
၄င်းအတွက် စာမူများကို အောက်ပါ
လိပ်စာသို့ ပေးပို့နိုင်ကြပါပြီ။

**Editor**
**Chin National Journal**
**P.O Box (94)**
**Main Post Office**
**Aizawl - 796001**
**Mizoram - INDIA**

**Email - cnfdomain@yahoo.com**

## ငါ့ကောင်းဆုံး အဖော်မွန်

– တစ်ခြားသူတွေ ရှောင်ဖယ်သွားချိန်
ဒုက္ခများစွာ ဝိုင်းနေချိန်တွင် ဒို့ရဲ့ရှေ့မှာ
မားမားမတ်မတ်ရပ်တည်ပေးခဲ့တယ်၊
လောကဓံရဲ့ လှိုင်းတံပိုးအောက်
ယိုယွင်းပျက်လု ကြင်နာမှုအပြည့်နဲ့
ကယ်တင်ခဲ့တယ်၊
– တစ်ခြားသူတွေရဲ့ ထိခိုက်ပြောဆိုမှုအလယ်
ဝမ်းနည်းကြေကွဲစွာ ကျန်ရစ်နေချိန်
ငါ့အနားမှာ ရပ်တည်ပေးခဲ့တယ်၊
အဆိုးမြင်တတ်တဲ့ငါ့ကို၊ အကောင်းအားဖြင့်
ပြုပြင်ပေးပြီး၊ အမြင်ကျယ်ပြန့်လာအောင်
ကူညီပေးခဲ့တယ်၊
– တောင်းပန်ပေမဲ့၊ ခွင့်မလွှတ်နိုင်သူအကြား
ငါ့စိတ်မထိခိုက်အောင်၊ နှစ်သိမ့်ခဲ့တယ်၊
ငါ့လျှို့ဝှက်ချက်၊ နာကျည်းချက်ကို
ဖွင့်ဟတိုင်ပင်စဉ်၊ ချိုမြိန်အပြုံးနဲ့
ငါ့သောကကို ငြိမ်းအေးစေခဲ့တယ်၊
နင့်ရှေ့မှောက်မှာ၊ ငိုကြွေးတတ်တဲ့ငါ့ကို
တစ်ခြားသူတွေရှေ့မှာ၊ ပြုံးရယ်နေတတ်အောင်
သင်ပေးခဲ့တယ်၊
– အခုတော့နင်ဟာ မရှိမဖြစ်
ငါ့ရဲ့အကောင်းဆုံး အဖော်မွန်ပါ။ ။

*ဒီဇင်ဘာနှင်း*

## စိမ်းလန်းစိုပြေ ဇလပ်မြေ

*Konglonglian*

➤ စိမ်းလန်းစိုပြေ၊ တို့ချင်းဌာနေ
တောတောင်ဘာဝ၊ ရှုခင်းအလှ
လျှိုမြောင်ခင်သန်း၊ တောင်ခပန်းဝယ်၊
ရှုမငြီးဖွယ်၊ လက်ပန်စွယ်တော်
ထင်းရှူးချယ်ရီ၊ ဇလပ်နီ ဖြူ
သစ်ခွစုံလင်
ဖူးပွင့်ဝေ။

➤ မွေးရပ်မြေရဲ့
တောတောင်ဘာဝ
ရှုခင်းအလှကို၊ ရှုစားစေလို
ဖြူစင်နှလုံး၊ တို့အပြုံးနှင့်
ရောင်ရင်းတို့ရယ်၊
လက်ကမ်းလျက်ကွယ်
တို့ဖိတ်ခေါ်တယ်။ ။


မေမေ... သားတက္ကသိုလ် တက်ချင်တယ်... ငွေ...
ငါ... ထယ်နော်... မင်းရဲ့အဖေက ဖြတ်စားဖို့လားကွ...
နိုင်ငံခြားသွား ချင်ရင်... လိုသလောက် ထုတ်ပေးမယ်...
ဒါပဲ...
T.K

# အနာဂါတ် ချင်းလဲန် ကို တည်ဆောက်ရာဝယ်

**အဲလ် ဆော်တီး**

*(အပြောင်းအလဲဖြစ်အောင် ကျနော်တို့မစွမ်းဆောင်နိုင်လို့ရှိယင် အပြောင်းအလဲထဲ မျှောပါသွားမယ်၊ အပြောင်းအလဲကိုထိန်းချုပ်ကြပ်မတ်နိုင်မှု မရှိယင် အပြောင်းအလဲက ကျနော်တို့ကို ထိန်းချုပ်ကြပ်မတ်သွားမယ်၊ ဒီတော့ ကျနော်တို့က အပြောင်းအလဲကို လက်ဦးမှုယူမလား၊ အပြောင်းအလဲကပဲ ကျနော်တို့ကိုလက်ဦးမှုယူမလား၊ တခုခုတော့ ဖြစ်မှာ ကျိန်းသေပဲ၊ အကြောင်းကတော့ အပြောင်းအလဲဆိုတာ တည်မြဲတဲ့ သဘာဝတရားမို့လို့ပါ၊)*

ကျနော်တို့မျှော်လင့်စောင့်စားနေတဲ့ အနာဂါတ်ဟာအပြောင်းအလဲဆိုတဲ့ဝေါဟာရသာမရှိယင်ဘယ် အဓိပ္ပါယ်ရှိ တော့မှာလဲ၊ ဒါကြောင့် ချင်းပြည်ရဲ့အနာဂါတ်ဆိုတာလဲ အပြောင်းအလဲသာမရှိဘူးဆိုယင် အနှစ်သာရမဲ့သွားပဲ့မယ်။ ကျနော် ဆွေးနွေးမှာက ချင်းပြည်အပြောင်းအလဲ အတွက် ကျနော်တို့ဘယ်လို အမြော်အမြင်၊ အတွေးအခေါ်များ ထားရှိကြပြီလဲဆိုတာပါပဲ။

ကျနော်တို့ဟာ အနာဂါတ်ကို တည်ဆောက်နေတဲ့သူတွေပါ။ ကျနော်တို့ အားလုံးဟာ ချင်းပြည်ကို ဖွံ့ဖြိုးတိုးတက်စေချင်တယ် ကဲ ဒါဆိုယင် ဘယ်လို ခရီးဆက်မလဲ၊ ဘယ်လိုတည်ဆောက်မလဲ၊ ဘယ်လိုပုံကြမ်းမျိုးဖေါ်ပြီလဲ၊

ဖွံ့ဖြိုးရေးဆိုတာ ပြောင်းလဲမှုရဲ့ဖြစ်စဉ်ပါ။ ဘယ်လိုပြောင်းလဲမှုလဲဆိုတော့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ပြောင်းလဲမှုပါ။ ဒီပြောင်းလဲမှုကို အပြောင်းအလဲဖြစ်အောင် စွမ်းဆောင်နိုင်၊ ထိန်းကွပ်နိုင်မှပဲ ဖွံ့ဖြိုးရေးဆိုတာ ဖြစ်လာတယ်။ အမိ ချင်းလဲန်ကို ဖွံ့ဖြိုးစေချင်တယ်ဆိုယင် ကိုယ်ကြိုက်တဲ့ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးမျိုး ဖြစ်လာအောင် တည် ဆောက် ကြရပါလိမ့်မယ်။ ဒါဟာ မင်းတို့ငါတို့ရဲ့ ဝန်ဖြစ်ပါတယ်။

ဖွံ့ဖြိုးတယ်ဆိုတာ အောင်မြင်မှုဆိုတဲ့စကားရဲ့ နောက်ကလိုက်လာတာပါ။ အောင်မြင်မှုရဲ့ ရှေ့မှာ ပြဿနာဆိုတာ ရှိတယ်၊ ဒီပြဿနာကို ဒီနေ့ငါတို့ရင်ဆိုင် နေရတယ်။ ဒီပြဿနာရဲ့ အတိမ်အနက်အပေါ်ကြည့်ပြီး တော့ အောင်မြင်မှုရဲ့ တန်ဖိုးကို သတ်မှတ်ရပါတယ်။ တဦးချင်း ရန်ပွဲရဲ့ အောင်မြင်မှုနဲ့ အများအပေါ်အနိုင်ရတဲ့ အောင်မြင်မှုရဲ့ တန်ဖိုး မတူပါဘူး။ ရှင်းတာက တဦးချင်းပြဿနာနဲ့ အများပြည်သူရဲ့ပြဿနာကိုကိုင်တွယ်ဖြေရှင်းလို့ အောင်မြင်တဲ့အခါ အောင်မြင်မှု အသီးသီးရဲ့ တန်ဖိုးဟာ မတူပါဘူး။

ပြဿနာအသီးသီးမှာ အရင်းအမြစ်ရှိပါတယ်။ အရင်းကနေရှင်းလိုက်ယင် အချိန်အခါကြာညောင်းပြီး ပိုမိုခက်ကောင်း ခက်လိမ့်မယ်။ သို့သော်ဖြေရှင်းပြီးပြီ ဟော့ဆိုယင် လက်ကျန်ဆိုတာမရှိတော့ပါဘူး။ အကယ်၍ ယင်းပြဿနာကို အလယ်ကနေ ရှင်းလိုက်ယင် လက်ကျန် ကတော့ အနည်းနဲ့အများရှိမှာပါပဲ။ ဒီမှာဆက်လက် ဆွေးနွေးချင်တာက ချင်းအမျိုးသားတို့ရဲ့လက်ရှိပြဿနာ အရင်းအမြစ်ကို ရှာဖွေကြည့်ကြစေချင်တယ်။ ဒီမှာ ပြောစရာကများလာပါတယ်။ တချို့ကပြဿနာဟာအာဏာလို့မြင်ကြတယ်။ ယင်းပြဿနာကို တချို့ကလက် နက်နဲ့ ဖြေရှင်းမယ်။ တချို့က ထွက်ပေါက်ရှာ ဖြေရှင်းမယ်။ ဆင်းရဲခြင်းပြဿနာလို့မြင်ကြတယ်။ နိုင်ငံခြားငွေရှာပြီး ဖြေရှင်းမယ်။ တချို့ကနိုင်ငံရေးပြဿနာတဲ့။ မရေရာတော့ဘူး။ ဒီတော့ ပြဿနာရဲ့ အရင်းအမြစ်ဟာ မသိနားမလည်မှုပါဗျာလို့ ဖြေလိုက်ချင်တယ်။ ကျနော်တို့ကသာ ပြဿနာအရင်းအမြစ်ဟာ ဘာ လဲ၊ ဘယ်လိုဖြေရှင်းရမလဲဆိုတာသိယင် လိုချင်တာဖြစ် အောင်လုပ်လို့ရပါတယ်။

စိတ်ဝင်စားစရာတခုကတော့ အပြောင်းအလဲလုပ်တဲ့အခါမှာ ခေါင်းဆောင်တွေ၊ ပညာတတ်တွေ တသီးတခြား ကွဲပြားနေကြတာပါ။ တာမထွက်ခင် အချင်းချင်းကြား ရန်ပွဲက စတော့တာပါပဲ။ ပြည်သူဖက်ကိုယ်ကပိုရပ်တည်တယ်။ သူ ကပိုရပ်တည်တယ် စသဖြင့် လေလုံးတွေ ထွားနေလိုက်ကြတာ။ ပြည်သူတွေ ထောက်ခံမှုရ

အောင် ကြိုတင် မဲဆွယ်နေကြတဲ့သဘောလားတော့မသိ။ တို့ရဲ့ အနာဂါတ်ဟာ တခုထဲပဲမဟုတ်လား။ ပြဿနာရဲ့ အရင်းအမြစ်က အတူတူပါပဲ။ ငါတို့ပြည်သူဆိုတာလဲ တခုထဲ အတူတူပါပဲ။ ဒါဆိုဘာလို့တသီးတခြားစီ ဖြစ်နေကြတာလဲ။ ပြဿနာကို မဖြေရှင်းပဲ ဖန်တီးနေကြတာများလား စိုးရိမ်တယ်။

ပြဿနာနဲ့ သူ့ရဲ့အရင်းအမြစ်ကို ရှာဖွေတဲ့အခါမှာ အကောင်းဆုံးနည်းလမ်းကတော့ ပြဿနာနဲ့ဆက်စပ်နေသူရဲ့ ခံစားချက်ဖြစ်ပါတယ်။ လူဆိုတာ ခံစားချက်ရဲ့ သားကောင်တွေပါ။ ခံစားချက်ကပဲ မောင်းနှင်နေကြတာ။ ၎င်းကို ဖြေရှင်းလိုက်ယင် သူတို့ပါဝင်မှု ရှိလာကြမှာပါပဲ။ မေးနိုင်ပါတယ်၊ ခင်ဗျားတို့ငါတို့ ဒီလိုလုပ်လိုက်တာနဲ့ ချင်းလဲန် အနာဂါတ်အတွက်၊ အမျိုးသားရေးအတွက် အကျိုးထူးသွားမလားလို့။ ထူးသွားတာပေါ့။ ဒါပေမဲ့ အမျိုးသားရေး အတွက်လို့ ကင်ပွန်းတပ်နိုင်ဖို့ရန် ဒီပြဿနာဟာ တမျိုးသားလုံးရဲ့ပြဿနာလား၊ ဖြေရှင်းလိုက်လို့ ရလာတဲ့ အကျိုးကို တမျိုးသားလုံးခံစားကြမလား။ ဖြေရှင်းတဲ့ နေရာမှာ တမျိုးသားလုံးပါဝင်မှုလိုအပ်ပါသလား။ ဒါတွေအကုန်လုံး ဟုတ် ယင်တော့ အိုကေပဲ၊ ဒါအမျိုးသားရေးပါပဲ။

ကိုယ့်ကိုယ်ကို မေးကြည့်ကြပါစို့။ ကျနော် ဘာလုပ်နေသလဲ၊ ဘာဖြစ်နေသလဲ၊ ဘာလုပ်သင့်သလဲ–စသဖြင့်။ တော်တော်များများက ပြဿနာကို ရှောင်ကွင်းခြင်းဖြင့် ဖြေရှင်းကြတယ်။ (ချင်းတွေကို ဆိုလို)။ ဥပမာ – နိုင်ငံခြားကို ထွက်သွားကြတယ်။ ဒီစိတ်ဓါတ်က ကျနော် တို့ပြည်ကို ဖာလုပ်ခိုင်းမယ့် စိတ်ဓါတ်ပဲ။ အောင်ဆန်းက ပြောဖူးတယ်လေ။ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေးအရ ပြည့်တန်ဆာဖြစ်ကြမှာပဲ။ ပြဿနာကို အရင်းအမြစ် ကနေ မဖြေရှင်းပဲ အလွယ်လမ်းလိုက်ပြီး ဖြေရှင်းတာပဲ။ နိုင်ငံခြားသွားသူတွေရဲ့ အသက်မွေးဝမ်းကျောင်းမှုကို ဆိုလိုတာ မဟုတ်ဘူးနော်။ နားလည်တတ်ဖို့လိုတယ်။ ကျနော်ပြောချင်တာက ဖိလိပိုင်နိုင်ငံလို အဖြစ်မျိုးကို ပြောချင်တာပါ။

သူတပါးကိုအထင်ကြီးမယ်။ တပါးသူဆီက မျှော်လင့်ချက်တခုခုရှိလို့ ဆက်ဆံမှုမျိုးဟာ လူမှုရေးအရ ပြည့်တန် ဆာ ဖြစ်သွားတာမျိုးပေါ့။ တခြားနိုင်ငံတွေရဲ့မျက်နှာကိုရှာ၊ အဆင်ပြေမယ့် နိုင်ငံတိုင်းနဲ့ ဆက်ဆံလက်တွဲပြီး နိုင်ငံတော်ကို အုပ်ချုပ်တာဟာ နိုင်ငံရေးအရ ပြည့်တန်ဆာမျိုးပေါ့။ အရင်းအနှီးရှိပြီး အရင်းစိုက်ထုတ်ပေးမယ့် လူတိုင်း အကန့်အသတ်မဲ့ ဆက်ဆံတာမျိုးဟာ လူမှုရေးပြည့်တန်ဆာဖြစ်သွားရော။ ဖိလိပိုင်နိုင်ငံရဲ့ သယံဇာတတွေကို နိုင်ငံခြားသူဌေးတွေက ကြိုက်သလို ချယ်လှယ်ကြတယ်။ နိုင်ငံတော်အုပ်ချုပ်ရေးဟာလဲ အမေရိကသြဇာခံတာပဲ။ အမေရိကရဲ့ လူမှုရေးက လွှမ်းမိုးနေတယ်။ အဲဒါ အမျိုးသားရေးနဲ့ မီးနဲ့ရေလိုပဲ။ အဲဒါ ဖွံ့ဖြိုးမှုအစစ်မဟုတ်ဘူး။ တွေးကြည့်ယင် ပြီးခဲ့တဲ့ ရာစုနှစ်တွေက အမျိုးသားတိုးတက်ဖွံ့ဖြိုးရေးဆိုတဲ့ ဝေါဟာရအောက်မှာ ယဉ်ကျေးမှုပေါင်းစုံ လူမျိုးစုအများကို ပပျောက်သွားစေတဲ့ အင်မတန်ကြောက်စရာကောင်းတဲ့ အတွေးအခေါ်တွေဖြစ်သွားတယ်။

ဖွံ့ဖြိုးရေးဖက်ကို ဦးလှည့်ကြည့်ကြမယ်။လုပ်ဆောင်ချက်အလိုက် နှစ်မျိုးခွဲလိုက်မယ်။ အထက်မှအောက်သို့ စီးဆင်းတဲ့ဟာမျိုး၊ အောက်ခြေမှ အထက်သို့ ဆန်တက်သွားတဲ့ဟာမျိုး ဆိုပြီးတော့ပေါ့။ ဆုံးဖြတ်ချက်ချမှတ်ပုံကို ကြည့်ကြည့်ရအောင်။ ပထမဟာက အထက်လူကြီးတွေက ဆုံးဖြတ်၊ အောက်လက် ငယ်သားကို ခိုင်းဆိုတဲ့ ချမှတ်မှုမျိုးဖြစ်ပြီးတော့ ဒုတိယဟာက အောက်ခြေလူထုက ဆုံးဖြတ်၊ အထက်က အကောင်အထည်ဖေါ်တဲ့ဟာ ဖြစ်ပါတယ်။ ဒုတိယ အမျိုးအစားက ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေးလို့ခေါ်တယ်။ ရေရှည်တည်တံ့ခိုင်မြဲတဲ့ ဖွံ့ဖြိုးရေးဆိုတာ မျိုးဆက်သစ်တွေရဲ့ ကံကြမ္မာကို မထိပါးစေပဲ လိုအပ်ချက်တွေကို ဖြည့်ဆည်းပေးတာဖြစ်ပါတယ်။ ဒီနေ့ကျနော် တို့ရဲ့လိုအပ်ချက်ကို ဖြည့်ဆည်းတဲ့အခါမှာ အနာဂါတ်မျိုးဆက်သစ်တွေရဲ့ ကံကြမ္မာကို မထိပါးစေရပါဘူး။

နိုင်ငံရေးဆိုတာလဲ ဆုံးဖြတ်ချက်ချမှတ်တာကနေ စလာတာပါပဲ။ ဆုံးဖြတ်မယ့် လူကို ရွေး၊ သူတို့က အများကိုယ်စား ဆုံးဖြတ်ကြတဲ့ သဘောပါ။ ဒါကြောင့် ဆုံးဖြတ်ချက်ဟာ အောက်ခြေလူထုကနေ တက်လာသင့်တယ်။ ဒီလိုဖြစ်လာအောင် လေ့ကျင့်ပညာပေးတာ နိုင်ငံရေးအပြောင်းအလဲကို လုပ်ဆောင်တာပဲ။ စင်မြင့်ပေါ်မှာ အာဏာ လုယူ တာ မျိုးလောက်ကို နိုင်ငံရေးလို့ မထင်ကြပါနဲ့။ စီးပွားရေးဆိုတာလဲ အရင်းအမြစ်တွေကို

# ချင်းလူမျိုးများအတွင်း ခရစ်ယာန်သာသနာ

Salai Deirel

## စီးဆင်းပြုမူမှုများအပေါ် အမြင်တချို့ တင်ပြခြင်း၊

### နိဒါန်း

ချင်းလူမျိုးများသည် ၁၈၉၉ ခုနှစ် အမေရိကန်သာသနာပြုများ ချင်းလဲန်မရောက်ရှိမှီ အချိန်အထိ ရှေးရိုးစဉ်လာနတ်ဘာသာကို ကိုးကွယ်ကြသည်။ ၁၈၉၉ ခုနှစ် အမေရိကန် သာသနာပြုများ ချင်းလဲန်ရောက်ရှိလာချိန်မှစ၍ နတ်ဘာသာကိုးကွယ်မှုကို တဖြည်းဖြည်းချင်း စွန့်လွှတ်လျက် ခရစ်ယာန်ဘာသာကို ကိုးကွယ်လာခဲ့ကြသည်မှာ ယနေ့ဆိုလျှင် သာသနာအနှစ် ၁၀၀ ကျော်လာပြီးဖြစ်သည်။ ဤသာသနာ အနှစ် ၁၀၀ အတွင်း ချင်းလူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ဆိုင်ရာ အတွေးအခေါ်၊ အယူအဆများနှင့် လူနေမှု အဆင့်အတန်းသည်လည်း များစွာ တိုးတက်ပြောင်းလဲလာပြီး ဖြစ်ပါသည်။

လွတ်လပ်ရေးရပြီး အထူးသဖြင့် ၁၉၆၂ ခုနှစ် ဗိုလ်ချုပ်နေဝင်းဦးဆောင်သော စစ်တပ်မှ နိုင်ငံတော်အာဏာ သိမ်းယူပြီးနောက်ပိုင်း ခေတ်အဆက်ဆက်သော စစ်အာဏာရှင်အစိုးရများ၏ ဖိနှိပ်ချုပ်ချယ်မှုအောက်တွင် မိမိတို့ ချင်းလူမျိုးများ၏ ဘာသာစကား၊ စာပေနှင့် ယဉ်ကျေးမှုများ မပျောက်မပျက် ထိန်းသိမ်းလာနိုင်ခဲ့ခြင်း အပိုင်း၌သော်၎င်း၊ ဖွံ့ဖြိုးတိုးတက်ရေးအတွက် မိမိတို့လူမှုအဖွဲ့အစည်းကြီးကို သတ္တိရှိရှိစုစည်းမှုနှင့် ဦးဆောင်မှုအပေးနိုင်ဆုံးသော အပိုင်း၌ သော်၎င်း ဘာသာရေးဆိုင်ရာ အသင်းအဖွဲ့များနှင့် အသင်းတော်များသည် ရှေ့ဆုံးမှ ပါဝင်လျက်ပင်ရှိပါ သည်။

ထို့ကြောင့် ချင်းလူမှုအဖွဲ့အစည်းကြီး၏ အတိတ်ကာလမှ ယနေ့ပစ္စုပ္ပန်ကာလအထိ တိုးတက်ပြောင်းလဲမှုဖြစ်စဉ်တွင် ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များနှင့် Church များ၏ ပါဝင်မှုအခန်းကဏ္ဍအရေးပါမှုကို မည်သူမျှလျစ်လျူရှု၍မရနိုင်သလိုအနာဂါတ်မိမိတို့လူ့အဖွဲ့အစည်းကြီး ဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစဉ်တွင် ၎င်းတို့ပါဝင်မှု၏ အရေးပါမှုကို မည်သို့မျှ မျက်ကွယ်ပြု၍ ရနိုင်မည်မဟုတ်ပေ။ "*အကြင်ပြည်နှင့် အကြင်နိုင်ငံသည် သင်၏အမှုကို မဆောင်၊ ထိုပြည်နှင့်ထိုနိုင်ငံသည် ပျက်စီးရလိမ့်မည်။ ထိုသို့သောတိုင်းနိုင်ငံတို့သည် သုတ်သင်ဖယ်ရှားခြင်းကို အမှန်ခံကြရလိမ့်မည်(ဟေရှာယ ၆၀း၁၂)*" ဟူသောကျမ်းချက်အတိုင်း မိမိတို့တိုင်းပြည်နှင့်လူမျိုး မပျောက်မပျက် ဆက်လက်ရှင်သန်ဖွံ့ဖြိုးရေးနှင့် ခရစ်ယန်သာသနာ ပြန့်ပွါးရေးအတွက် သာသနာအမှုတော်ထမ်း ဆောင်ခြင်းသည် ချင်းတမျိုးသားလုံး၏ အရေးကြီးဆုံးအမျိုးသားရေး တာဝန်ဖြစ်သည်နှင့်အမျှ အနာဂါတ်မိမိတို့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုး တက်ရေး လုပ်ငန်းစဉ်တွင် ဘာသာရေးဆိုင်ရာအသင်းအဖွဲ့များနှင့် Church များ၏ ပါဝင်မှုအခန်းကဏ္ဍအရေးပါမှုကို မည်သို့မျှပစ်ပယ်၍ ရနိုင်မည်မဟုတ်ပေ။ ၎င်းတို့ပါဝင်သင့်ပါဝင်ထိုက်သော အခန်းကဏ္ဍမှ အမြဲပါဝင်လုပ်ဆောင်နေကြရမည်ဖြစ်ပါသည်။

### ၁၉၈၈ အရေးအခင်းကြီး၏ အသင်းတော်အတွင်း ဂယက်ရိုက်ခတ်မှု/အကျိုးသက်ရောက်မှု အကျဉ်း

၁၉၈၈ ခုနှစ် အရေးအခင်းကြီးသည် မိမိတို့ချင်းလူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေး၊ စီးပွါးရေးနှင့် လူမှုရေးအရ အကျိုးသက်ရောက်မှု(အကောင်း၊ အဆိုး) များစွာဖြစ်ပေါ်စေခဲ့ပါသည်။ အရေးအခင်းနောက်ပိုင်း ချင်းလူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးနိုးကြားမှု အရှိန်ပိုမြင့်လာခြင်းနှင့် နိုင်ငံခြားတိုင်းပြည်များသို့ ရောက်ရှိမှုပိုမိုများ

ပြားလာခြင်းဖြင့် ချင်းလူငယ်အတော်များများ နိုင်ငံခြားတိုင်းပြည်များ၌ ဆက်လက်ပညာသင်ယူနိုင်ခြင်းနှင့် အလုပ်လုပ်နိုင်ခြင်း ထိုသို့ အလုပ်လုပ်နိုင်ခြင်းဖြင့် စီးပွါးရေးအရ အလွန်ကြပ်တည်းသောမိသားစုများနှင့် ဆွေမျိုးအသိုင်းအဝိုင်းများအား ငွေကြေးပြန်လည် ထောက်ပံ့ခဲ့နိုင်ခြင်းများသည် အကောင်းဖက်မှပြောင်း လဲမှုဖြစ်စဉ်များအဖြစ် ယေဘုယျအားဖြင့် သုံးသပ်နိုင်မည် ဖြစ်သလိုတဖက်၌ ၁၉၈၈ အရေးအခင်းနောက်ပိုင်း မိမိတို့လူ့အဖွဲ့အစည်းအတွင်း နိုင်ငံရေးအရ နိုးကြားမှု အရှိန်မြင့်လာသည်နှင့်အမျှ တဖက်တွင် ဖိနှိပ်ချုပ်ခြယ်မှုများ ပိုမိုပြင်းထန်လာခြင်း၊ ထိုသို့ပြင်းထန်လာခြင်းဖြင့် ချင်းလူမျိုးများ အများစု၏ အမြင်ခံယူချက်တွင် နိုင်ငံရေးဆိုသည်မှာ မိမိတို့နှင့်မသက်ဆိုင်သောအရာ၊ မလုပ်သင့် မလုပ်ထိုက်သောအရာ၊ အစိုးရဆိုသည်မှာ မည်သို့ပင်ဆိုးဝါးပါစေ မိမိတို့အပေါ်အုပ်စိုးသင့်သော အဖွဲ့ ဖြစ်သည်ဟူသော အမြင်၊ ခံယူချက်များသည် ပို၍ အမြစ် ခိုင်တွယ်လာခြင်း၊ ပညာရေးလောကတွင် ပညာရည်ညံ့ဖျင်းမှုကြောင့် ချင်းလူငယ်များ၏ အရည်အချင်းပို၍ ကျဆင်းခြင်းနှင့် ပညာရေးလောကစွန့်ခွါမှုနှုန်း တနှစ်ပြီး တနှစ် မြင့်တက်လာခြင်းနှင့် အရေးအခင်း နောက်ပိုင်း နိုင်ငံခြား ထွက်ခွါမှုနှုန်း ပိုမိုများပြားလာခြင်းဖြင့် တဖက်တွင် ချင်းအမျိုးသားပညာတတ်အများအပြား နိုင်ငံခြား ထွက်ခွါရာမှ ချင်းလူမှုအဖွဲ့အစည်းအတွင်း ဦးနှောက်ယိုစီးမှု မြင့်မားလာခြင်းများသည် အဆိုးဖက်မှပြောင်းလဲမှုများအဖြစ် ပြန်လည်သုံးသပ်နိုင်ပါသည်။

ဌင်းအပြင် ၁၉၈၈ အရေးခင်းနောက်ပိုင်း ဘာသာရေးနှင့်ပတ်သက်၍ ဘာသာရေးဆိုင်ရာအစည်း အဝေးများ အရင်လိုလွတ်လွတ်လပ်လပ် မကျင်းပနိုင်ပဲ အာဏာပိုင်များ၏ ခွင့်ပြုချက်ရမှသာ ကျင်းပနိုင်ခြင်း၊ ဘုရားဝတ်ပြုကျောင်းများ ပိတ်ပင်ခြင်း၊ ဖျက်ဆီးခြင်း၊ သိက္ခာတော်ရဆရာများကို ခြိမ်းခြောက်ခြင်း၊ မလိုလျှင် မလိုသလိုသတ် ဖြက်ခြင်း၊ ခရစ်ယာန်ဘာသာ၏ အထိမ်းအမှတ်ဖြစ်သော လက်ဝါးကားတိုင်များ အတင်းအဓမ္မဖျက်ဆီးခြင်း စသည်ဖြင့် မိမိတို့ချင်းလူမျိုးများအပေါ် ဘာသာရေးအရ စစ်အစိုးရ၏ ဖိနှိပ်ချုပ်ခြယ်မှုများ အရေးအခင်း မတိုင်ခင်အခြေအနေထက်ပို၍ ပြင်းထန်လာသည်ကိုတွေ့ရသည်။

မိမိတို့လူမျိုးအပေါ် ဘာသာရေး အရဖိနှိပ်မှုများ တနှစ်ပြီးတနှစ်ပိုမိုဆိုးရွားလာသည်နှင့်အမျှ တစ်ပူ အပေါ်နှစ်ပူဆင့် ဆိုသလို ပို၍ဆိုးရွားလာသည်မှာ ဘာသာရေးလောက၌ သာသနာပြုများ၏ အကျင့် သိက္ခာပျက်ဆီးမှု ပိုမိုများပြားလာခြင်းနှင့် ဘာသာရေး လုပ်ငန်းကို ထွက်ပေါက်အဖြစ် သဘောထားမှုများ ဘာသာရေးလောကအတွင်း ပိုမိုများပြားလာခြင်းနှင့် ဘာသာရေးလုပ်ငန်းကိုစီးပွါးရေးလုပ်ငန်းတစ်ခုအဖြစ် သဘောထားမှု အသွင်လက္ခဏာများ ပို၍ပီပြင်များပြားလာခြင်းများ ဖြစ်သည်။

ချင်းလူမျိုးအဖွဲ့အစည်းတွင် ဘာသာရေးလောက၌ ချစားမှုများပြားလာခြင်းဖြင့် ယနေ့ချင်းလူ့အဖွဲ့အစည်း အတွင်း ခရစ်ယာန်သာသနာလုပ်ငန်း စီးဆင်းမှုကို ဆန်းစစ်ကြည့်မည်ဆိုလျှင်–

- မိမိတို့ချင်းလူမျိုးများအဖွဲ့အစည်းတွင်း ပြည်သူများမှ အားကိုးအားထားပြုပြီး ယုံကြည်လေးစားခံခဲ့ကြသည့် သိက္ခာတော်ရဆရာများနှင့် သင်းအုပ်ဆရာအများအပြား မိမိတို့အသင်းတော်ကို စွန့်ခွါပြီး နိုင်ငံခြား ထွက်ခွါမှု ပိုမိုများပြားလာခြင်း၊
- ဖွံ့ဖြိုးတိုးတက်မှုအဆင့် အင်မတန်မှနိမ့်ကျသော မိမိတို့ချင်းလဲန်တချို့ဒေသများ၌ သာသနာပြုဆရာများ အလွန်တရာလိုအပ်ပြီး မရှိသလောက်နည်း ပါးနေသော အချိန်ကာလမျိုးတွင် ဖွံ့ ဖြိုးပြီး မြို့ကြီးပြကြီးများ၌ မိမိတို့ ချင်းအမျိုးသား တရားဟောဆရာများ အစုလိုက် အပြုံလိုက် အမှုတော်ထမ်းဆောင်ခြင်း၊
- တစ်ဆူတည်းသောထာဝရဘုရားသခင်ကို ယုံကြည်ကိုးကွယ်သူ ခရစ်ယာန်အချင်းချင်းဖြစ်ပါလျှက်နှင့် မတူကွဲပြားခြားနားသော Doctrine အခြေခံပြီး တည်ထောင်ထားသော ကျမ်းစာသင်ကျောင်းများ မြို့ကြီး ပြကြီးများ၌ အများအပြား ပေါ်ပေါက်လာခြင်း၊
- နိုင်ငံခြား Sponsor အပေါ် အမှီပြုလျှက် မိခင်အသင်းတော်ကို စွန့်ခွါပြီး (*ယုံကြည်ချက်ကြောင့် အလျှဉ်းမဟုတ်*) အသင်းတော်သစ်ထူထောင်မှု

များ ပိုမိုများပြားလာခြင်း စသည်ဖြင့် ဘာသာရေးနှင့်မအပ်စပ်သောအပြုအမူ၊ အဖြစ်အပျက်များ ဘာသာရေးလောကအတွင်း အပြိုင်အဆိုင်ဖြစ်ပျက်နေကြသည်ကို တွေ့ရပါသည်။

အကျိုးဆိုသည်မှာ အကြောင်းတရားကြောင့်ဖြစ်ပေါ်လာခြင်းဖြစ်ပါသည်။ တစ်နည်းအားဖြင့်ဆိုလျှင် အကြောင်းရှိလျှင် အကျိုးရှိရသည်မှာ နိယာမဖြစ်ပါသည်။ ထိုအကြောင်းတရားကြောင့် ဖြစ်ပေါ်လာသော အကျိုးဆက်သည် မိမိနှင့် မိမိလူ့အဖွဲ့အစည်း (သို့မဟုတ်) အဖွဲ့အစည်းဖွံ့ဖြိုးမှုကို အထောက်အကူ မပြုလျှင် (သို့မဟုတ် ) နစ်နာစေလျှင် ထိုအကြောင်းတရားကို အချိန်မှီသိရှိပြီးပြုပြင်ဖို့လိုပါ သည်။ ထိုသို့ပြုပြင်နိုင်မှ မိမိတို့လူ့အဖွဲ့ အစည်းအတွက် ကောင်းသော အကျိုးတရားများ ရရှိနိုင်မည်ဖြစ်ပါသည်။ ထိုနည်းတူ ယနေ့မိမိတို့ လူ့အဖွဲ့အစည်း အတွင်း ဘာသာရေးလောက၌ ဖြစ်ပျက်နေသော အကျိုးတရားများ၏ အဓိက အကြောင်းရင်းခံကို သေချာစွာ ဆန်းစစ်ကြည့်မည်ဆိုလျှင် နအဖစစ်အစိုးရကြောင့် ဖြစ်ပေါ်လာသောအကျိုးတရားများနှင့် မိမိတို့၏ခံယူချက်နှင့် လုပ်ဆောင်ချက်ကြောင့် ဖြစ်ပေါ်လာသော အကျိုးတရားများအဖြစ် အဓိကအကြောင်းရင်းခံနှစ်ချက်ဖြင့် ပိုင်းခြားနိုင်မည်ဖြစ်ပါသည်။ ဤအကြောင်းတရားများ ပြုပြင် ပြောင်းလဲရေးသည် ယနေ့ ဘာသာရေးလောကမှ သာသနာပြုများ၏ အဓိကအမျိုးသား ရေးတာဝန်ဖြစ်ပါသည်။ ဤတာဝန်ကိုရှောင်ဖယ်ပြီး ခေါင်းရှောင်နေမည့် အချိန်မျိုး တိုင်းပြည်၏ယိုယွင်းပျက်စီးနေသော အခြေအနေကို အခွင့်ကောင်းအဖြစ် အသုံးချလျှက် မိမိကိုယ်ကျိုးစီးပွါးအတွက် အသုံးချရမည့်အချိန်မျိုးမဟုတ်ပေ။ တနည်းအားဖြင့် ဤအကြောင်းရင်း ခံပြဿနာသည် မြန်မာနိုင်ငံရေးသက်သက်သာလျှင်ဖြစ်ပြီး ဘာသာရေးနှင့် မသက် ဆိုင်ပါ ဟူ၍ ခေါင်းရှောင်မှုမျိုးမလုပ်သင့်ပေ။ ဘာသာရေးနှင့် နိုင်ငံရေးသည် သီးခြားစီ ရှုမြင်၍သော်လည်းကောင်း၊ ရပ် တည်၍သော်လည်းကောင်း ရစတမ်းသောအရာမျိုး မ ဟုတ်ပေ။ အတွင်းအနှစ်သာရ၌မူ ကိုင်းကျွန်းမှီ၊ ကျွန်းကိုင်းမှီ အချင်းချင်းဆက်စပ်နေသောအရာများ ဖြစ်ပါသည်။ ဆိုလိုသည်မှာ နိုင်ငံရေးဟူသည် နိုင်ငံ့အရေးကိစ္စ အလို့ငှာလူများ၏ တွေးခေါ်ယူဆချက်များနှင့် ထိုတွေးခေါ် ယူဆချက် များအပေါ် အခြေခံပြီး လုပ်ဆောင်နေရသော လုပ်ဆောင်ချက်များသာလျှင်ဖြစ်ပါသည်။ ထို့ကြောင့် စံနစ်အရ မည်မျှပင်ပြီးပြည့်စုံပြီး ကောင်းမွန်နေပါစေ ထိုနိုင်ငံရေးကို လုပ်ဆောင်နေရသော နိုင်ငံရေးသမား များသည် နိုင်ငံနှင့်လူမျိုးအပေါ် အလုပ်အကြွေးပြုရာ၌ ဖြောင့်မတ်ခြင်းတရား၊မေတ္တာတရား၊ ဂရုဏာတရားရှိရေးဆိုသောဘာသာရေး၏ ဆုံးမသွန်သင်ချက်များမှ သွေဖီသွားမည်ဆိုလျှင် ထိုနိုင်ငံရေးစံနစ်နှင့် နိုင်ငံရေးသမားများ၏ လုပ်ဆောင်ချက်များသည်တိုင်းသူပြည်သားတို့၏ဘဝအေးချမ်းသာယာမှု၊ လုံခြုံမှုကို ဖေါ်ဆောင်ပေးနိုင်မည် မဟုတ်ပေ။

ထိုနည်းတူ ဘာသာရေးဆိုသည်မှာ နိုင်ငံရေးလွတ်လပ်မှုများ ရုပ်သိမ်းခဲ့ရပြီး လွတ်လပ်မှုများလုံးဝ ကင်းမဲ့နေမည်ဆိုလျှင် တနည်းအားဖြင့် မြန်မာနိုင်ငံလို လွတ်လပ်မှုကင်းမဲ့လျက် ဖိနှိပ်ချုပ်ချယ်မှုများဖြင့် လွှမ်းခြုံ သည့် အာဏာရှင်စံနစ်အောက်တွင် အသင်းတော်ဖွံ့ဖြိုးမှုအတွက် မည်သို့မျှလွတ်လွတ်လပ်လပ် လုပ်ဆောင်နိုငမည်မဟုတ်ပေ။ နိုင်ငံရေးအရ လွတ်လပ်မှုရှိမှသာလျှင် ဘာသာရေးလောက၌ အသင်းတော် အကျိုးစီးပွါးကို လွတ်လွတ်လပ်လပ်လုပ် ဆောင်နိုင်မည် ဖြစ်ပါသည်။ ထို့ကြောင့် ယနေ့မြန်မာနိုင်ငံရေးပြဿနာ ဖြေရှင်း ရေးများတွင် ဘာသာရေးနှင့်မသက်ဆိုင်ဟူ၍ ခေါင်းရှောင်မှုမျိုးသော်လည်းကောင်း၊ အကြပ်အတည်းကို အခွင့်ကောင်းအဖြစ် အသုံးချလျှက် မိမိကိုယ်ကျိုးအတွက် အသုံးချမှုမျိုးသော်လည်းကောင်း မလုပ်သင့်ပေ။ မိမိတို့ ကျရာအခန်းကဏ္ဍမှ ကျရာတာဝန်များကို တတ်နိုင် သလောက် သတ္တိရှိရှိလုပ်ဆောင်ဖို့ လိုအပ်ပြီဖြစ်ပါသည်။

## ပါစတာ (သင်းအုပ်ဆရာ) များ နိုင်ငံခြား ထွက်ခွာမှုအပေါ် အမြင်တချို့

"ပညာဟူသည်မှာလူ၏တန်ဘိုး" ဟူသောဆိုရိုးအတိုင်း အသိပညာ၊ အတတ်ပညာများဆည်းပူးလေ့လာခြင်းသည် မိမိတို့လူ့အဖွဲ့အစည်းအတွက် အင်မတန်မှလိုအပ်လှပါသည်။ မိမိတို့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်

ရေးနှင့် တိုးတက်နေသော ခေတ်နှင့်အညီ ရင်ဘောင်တန်းပြီး မိမိတို့လူ့အဖွဲ့ အစည်းကြီးကို ဦးဆောင်မှုပေးနိုင်ရေးနှင့် အလုပ်အကြွေးပြုနိုင်ရန် အလို့ငှာ အသိပညာ၊ အတတ်ပညာများဆည်းပူးလေ့လာခြင်းသည် အဓိကပဓါနကျလျှက်ရှိပါသည်။

ထိုနည်းတူ ဘာသာရေးလောကတွင် မိမိ အသင်းတော်ကိုဦးဆောင်ဦးရွက်ပြုလုပ်ရာတွင်လည်းကောင်း၊ အလုပ်အကြွေးပြုလုပ်ရာတွင်လည်းကောင်း၊ အသိပညာ၊ အတတ်ပညာများ ဆည်းပူးလေ့လာခြင်းသည် အင်မတန်မှလိုအပ်ပါသည်။ ထိုသို့လို အပ်သည်နှင့်အညီ အသင်းတော်မှ ပါစတာများ၏ နိုင်ငံခြားတိုင်းပြည်များအထိ အဆင့်မြင့်ပညာဆည်းပူးလေ့လာခြင်းများကို အသင်းတော်မှလိုလိုလားလား အားပေးအားမြောက်မှုများလုပ်သင့်သလို ပြုလုပ်ဆဲလည်းဖြစ်ပါ သည်။

သို့သော် ယနေ့လူမှုအဖွဲ့အစည်းအတွင်း အသင်းတော်မှ အားကိုးအားထားပြုပြီး လေးစားခဲ့ကြသော ပါစတာအတော်များများသည် နိုင်ငံခြားတိုင်းပြည် များ၌ ပညာတော်သင်ယူပြီးနောက်မိခင်အသင်းတော်သို့ပြန်လာပြီး အလုပ်အကျွေးပြုခြင်းအလျဉ်းမရှိပဲ နိုင်ငံခြားတိုင်းပြည်များ၌ အခြေချနေထိုင်သွားခြင်း၊ အသင်းတော်ကိုစွန့်ခွါပြီး နိုင်ငံခြားတိုင်းပြည်များသို့မိသားစုအလိုက်ထွက်ခွါသွားခြင်း၊ ပညာအဆင့်မြင့်လေ နိုင်ငံခြားထွက်ခွါဖို့စိတ်ကူးလေ အသင်းတော်မျက်ခုံးလှုပ်သွားခြင်း စသည်ဖြင့် အသင်းတော်အတွင်း ပါစတာတဦး၏ ကျင့်စဉ်နှင့်မအပ်စပ်သော အဖြစ်အပျက်များများပြားလာသည်ကို ဝမ်းနည်းဖွယ်တွေ့ရပါသည်။

ခေါင်းဆောင်ဆိုသည်မှာ တိုင်းပြည်တပြည်၊ နိုင်ငံတနိုင်ငံ အဖက်ဖက်မှယိုယွင်းပျက်စီးပြီး အတိဒုက္ခရောက်ရှိနေသည့်အချိန်ကာလမျိုးတွင် ပြည်သူပြည်သားများမှ ပို၍တောင့်တလေ့ရှိသလို ဘာသာရေး လောကဌ်လည်း ဘာသာရေးအရ ဖိနှိပ်ချုပ်ခြယ်မှုနှင့် ညှင်းပန်းနှိပ်စက်မှုများများပြားလာပြီးနောက်ဆုံး အသင်းတော်သူ/သားများရှင်သန်ရပ်တည်နိုင်ရေးကိုပါ ခြိမ်းခြောက်လာသော ယနေ့လိုအချိန်ကာလမျိုး၌ ပို၍ လိုအပ်သည်ဟု ယူဆရပါသည်။ *"ငါသည်ကောင်းသော သိုးထိန်းလည်းဖြစ်၏ ကောင်းသောသိုးထိန်းတို့သည် သိုးတို့အဖို့အလို့ငှာ မိမိအသက်ကို စွန့်တတ်၏ (ယောဘ ၁၀း၁၁)"* ဟူသောကျမ်းချက်နှင့်အညီ တိုင်းပြည် အခြေနေ အဖက်ဖက်မှယိုယွင်းပျက်စီးပြီးဘာသာရေးအရ လွတ်လပ်မှုများဆုံးရှုံးလာပြီး ဖိနှိပ်ချုပ်ချယ် မှုများ ပိုမိုပြင်းထန်လာသည့်ယနေ့လိုအချိန်ကာလမျိုး၌ အသင်း တော်သူ/သားများအဖို့အလို့ငှာ မိမိအသက်ကိုပင် စွန့်လွှတ်သည့်တိုင်အောင် အသင်းတော်ကိုမခွဲမခွါ မား မားမတ်မတ်လမ်းပြဦးဆောင်မှုပြုသင့်ပါသည်။ ယနေ့ လိုအချိန်ကာလမျိုးတွင် အသင်းတော်နှင့် ၎င်းတို့၏ ဆက်စပ်မှုသည်လည်းကောင်း၊ အသင်းတော်သူ/သားများမှ ၎င်းတို့အပေါ် ယုံကြည်အားထားမှုနှင့်လေးစားမှုများ သည်လည်းကောင်းမည်သည့်ကြောင်းကြောင့်မျှ အလွယ်တကူမပျက်စီးစေသင့်သလို အဖျက်ဆီးလည်း မခံ သင့်ပေ။ *"ကောင်းသောအသရေကို များစွာသော ဥစ္စာထက်သာ၍ ရွေးစရာကောင်း၏။ သူတပါး၏စုံ မက်ခြင်းကျေးဇူးသည် ရွှေငွေထက်သာ၍ကောင်း၏ (သုတ္တံ ၂၂း၁ )"* ဟူသောကျမ်းချက်အတိုင်း အသင်းတော် သူ/သားများမှ ၎င်းတို့အပေါ် ယုံကြည်မှု၊ အားကိုးမှု ရှိသော ဂုဏ်သရေကို အသက်နဲ့လဲပြီးထိန်းသိမ်းဖို့လိုပါသည်။ ရွှေငွေအသပြာကြောင့်သော်လည်းကောင်း၊တစုံတခုသော ခြိမ်းချောက်မှုကြောင့်သော်လည်းကောင်း၊ ၎င်းတို့၏ ဂုဏ်အသရေကို အလွယ်တကူအထိခိုက်မခံစေသင့်ပေ။ ထိုသို့ထိန်းသိမ်းနိုင်မှသာလျှင် *"ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်ဖွယ် သတင်းကို ကြားပြော သောသူ၏ ခြေတို့သည် အလွန်တင့်တယ်စတကား (ရောမ ၁၀း၁၅)"* ဟူသောကျမ်းချက်နှင့်အညီ ၎င်း တို့၏ လုပ်ဆောင်ချက်များသည် နောင်လာနောက်သား များအတွက် အတုယူဖွယ် ခြေရာအမွေအနှစ်အဖြစ်ထား ပေးနိုင်မည်ဖြစ်ပါသည်။

ပို၍ဝမ်းနည်းဖွယ်ကောင်းသည်မှာ ထိုသို့နိုင်ငံခြားတိုင်းပြည်များသို့ ထွက်ခွါသွားပြီး ၎င်းတို့ ထားရစ်ခဲ့သော အသင်းတော်အတွက် တစုံတခုသော အတိုင်း အတာအထိ ပြန်လည်ပြီး ငွေကြေးထောက်ပံ့ နိုင်ခဲ့ခြင်း အပေါ် အသင်းတော်မှ ကောင်းချီးမင်္ဂလာအဖြစ် မှတ်ယူလျှက် ဂုဏ်ယူဝမ်းမြောက်ခြင်းနှင့် အထင်ကြီး ခြင်းပင်ဖြစ်ပါသည်။ အပေါ်ယံသဘော စဉ်းစားမည်ဆိုလျှင် အထင်ကြီး ဂုဏ်ယူဝမ်းမြောက်စရာကောင်းပါသည်။ သို့သော်

လေးလေးနက်နက်စဉ်းစားကြည့်မည်ဆိုလျှင် မိမိတို့အသင်းတော် ဖွံ့ဖြိုးတိုးတက်ရေးအတွက် ငွေကြေး ဥစ္စာထက် အသိပညာ၊ အတတ်ပညာသည်ပို၍ အခရာကျလျှက်ရှိပြီးငွေကြေးဓနဥစ္စာဆိုသည်မှာအသိပညာ၊ အတတ်ပညာရှိလျှင် ဖန်တီးယူ၍ရသော အရာပင်ဖြစ်ပါသည်။ အသိပညာ၊ အတတ်ပညာဆိုသည်မှာ ငွေကြေး ဓနရှိတိုင်း ဖန်တီး ယူ၍ရနိုင်ကောင်းသော အရာမျိုးမဟုတ်ပေ။ ထို့ကြောင့် အသင်းတော်တိုးတက်ဖွံ့ဖြိုးရေးတွင် မည်သို့သောအရာသည် ပို၍ အခရာကျသည်၊ ပို၍အရေးတကြီးလိုအပ်သည်ကို ဝေဖန်ပိုင်းခြားတတ်ဖို့ လိုပါသည်။ ထိုသို့ဝေဖန်ပိုင်းခြားတတ်မှ မိမိတို့၏ အသိပညာ အတတ်ပညာများနှင့် ငွေကြေးဥစ္စာများသည် မိမိတို့ အသင်းတော်ဖွံ့ဖြိုးမှုကို ပို၍အကျိုးပြုနိုင်မည်ဖြစ်ပါသည်။ ကောင်းကြီးမင်္ဂလာဆိုသည်မှာ ရေတွက်တတ်မှ တိုးပွါးတတ်ပြီး မရေတွက်တတ်ခဲ့သော် ဆုတ်ယုတ်တတ်သောထုံးစံရှိပါသည်။

## ပြည်တွင်းပါစတာများအပေါ် အမြင်တချို့

တိုင်းပြည်အခြေအနေ အဖက်ဖက်မှ ယိုယွင်းပျက်စီးပြီး မိမိတို့လူ့အဖွဲ့အစည်းထဲမှ မိမိတို့သင်ယူ ထားသော အသိပညာ၊ အတတ်ပညာများဖြင့် အသင်းတော်ကို ပြန်ပြီးအလုပ်အကျွေးမပြုနိုင်ဘဲ နိုင်ငံခြား တိုင်းပြည်များသို့ အတော်များများသော ပါစတာများ အသင်းတော်ကိုစွန့်ခွါပြီး ထွက်ခွါနေသည့်အချိန်ကာလမျိုး၌ အသင်းတော်ကို မစွန့်မခွါဘဲ လမ်းပြဦးဆောင်လျှက်ရှိသော ပြည်တွင်းရှိပါစ တာများ၏ ရပ်တည်ချက်သည် အင်မတန်မှ ဂုဏ်ယူ လေးစားဘွယ်ကောင်းလှပါသည်။

သို့သော် ဝေးလံခေါင်သီပြီး ဖွံ့ဖြိုးတိုးတက်မှုအဆင့် အင်မတန်မှနိမ့်ကျသော မိမိတို့ချင်းလဲန်ဒေသ တချို့နေရာဒေသများ၌ အမှုတော်ထမ်းဆောင်ရန် ပါစတာ မရှိသလောက် ရှားပါးနေသည့်အချိန် ကာလမျိုးတွင် ဖွံ့ဖြိုးသောမြို့ကြီးပြကြီးများ၌မှု ပါစတာများအစုလိုက် အပြုံလိုက်အမှုတော်ထမ်းဆောင်နေခြင်း အနေအထားကိုမှု လေးလေးနက်နက် ပြန်လည်သုံးသပ်ဖို့ လိုအပ်မည် ဟုယူဆထားပါသည်။ ဤသို့ဖြစ်နေခြင်းသည် မိမိတို့လူမှုအဖွဲ့အစည်းအတွင်း သာသနာအမှုတော်ထမ်း ဆောင်ရာ၌ တဖက်စောင်းနင်းဖြစ်နေခြင်းကို ထင် ဟပ်စေခဲ့ခြင်းဖြစ်သလို တဖက်၌ မိမိတို့လူမျိုးများ၏ ခရစ်ယန်ဘာသာအပေါ်သက်ဝင်ယုံကြည်မှု၊ပေးဆပ်မှု၊ စေတနာထက်သန်မှုနှင့် အနစ်နာခံလိုမှုများကို ပုံဖေါ်ပေးနေခြင်းပင်ဖြစ်ပါသည်။

ဤသို့ဆိုလိုက်ခြင်းဖြင့် မြို့ကြီးပြကြီးများ၌ ပါစတာများစုပြုံပြီး အမှုတော်ထမ်းဆောင်နေခြင်းကို စောဒက တက်ဝေဖန်လိုခြင်းမဟုတ်ပေ။ လုပ်ငန်းအခြေအနေ၏ တောင်းဆိုချက်အရ အတိုင်းအတာတခုအထိ ရှိရမည်မှာ လိုအပ်ချက်ဖြစ်ပါသည်။ သို့သော် ကျေးလက်ဒေသများ၌ နေထိုင်ခြင်းဖြင့် တွေ့ကြုံရမည့် အနိဋ္ဌာရုံများထက် မြို့ကြီးပြကြီးများ၌ နေထိုင်ခြင်းဖြင့် အစစအရာရာအသာစံနိုင်မှုများကိုသာ ကောင်းကြီးမင်္ဂလာအဖြစ် ရှုမြင်လျှက် အမှုတော်ထမ်းဆောင်ခြင်းမျိုးဖြစ်လျှင်မှု တ နည်းအားဖြင့်ဆိုလျှင် ရပ်ပိုင်းစိတ်ပိုင်း အသာစံမှုကိုသာ ရှေ့ရှုပြီး နယ်စွန်နယ်ဖျားနှင့် ကျေးလက်ဒေသများ၏ လို အပ်ချက်များကို သတိမမူ လျစ်လျူရှုထားခြင်းမျိုး ဖြစ် လျှင်မှု မိမိတို့ကြိုပမ်းမှုနှင့် လုပ်ဆောင်ချက်များသည် မိမိတို့လူ့အဖွဲ့အစည်း ဖွံ့ဖြိုးမှုနှင့် နိုင်ငံတော် ကျယ်ပြန့်ရေး အတွက် အကျိုးပြုရေးဆိုသည်မှာ မည်သို့မျှစဉ်းစား၍ ရနိုင်မည်မဟုတ်ပေ။

*"ကောင်းကျိုးချမ်းသာ၏ ဝမ်းမြောက်စရာ သတင်းကိုကြားပြောသော သူ၏ခြေတို့သည် တင့်တယ်စွတကား ( ရောမ ၁၀း၁၅ )"*ဟူသောကျမ်းချက်နှင့်အညီ မိမိတို့ချင်းလူမျိုးများ ယနေ့အခြေအနေ၊ အဆင့်အတန်းထိ ရောက်ရှိနေနိုင်ခြင်းသည် အစဦးခရစ်ယာန်သာသနာပြုများနှင့် ယုံကြည်သူဘိုးဘွားများ၏ ခရစ်ယာန်ဘာ သာအပေါ် သက်ဝင်ယုံကြည်မှု၊ ပေးဆပ်မှု၊ စေတနာထက်သန်မှုနှင့် အနစ်နာခံများ၏ အသီးအပွင့်များ ဖြစ်ပါ သည်။ သို့ဖြစ်ပါ၍ ဝေးလံခေါင်သီးပြီး လူနေမှုနိမ့်ကျသော မိမိတို့လူမျိုးများနေထိုင်ရာ ဒေသများ၌ ကနဦး ခရစ်ယာန်သာသနာပြုများ၏ ခြေရာကို နင်းလျောက်လျက် အမှုတော်ထမ်းဆောင်ရေးသည် အင်မတန်လိုအပ်လှပါသည်။ တနည်းအားဖြင့်ဆိုလျှင် မိမိတို့ခံစားခဲ့ရသော ကောင်းချီးမင်္ဂလာများကို မိမိတို့ညီအကိုများထံ ဝေငှဖို့လိုအပ်သည်။ သို့မှသာလျှင်မိမိတို့လူမျိုး၏ စည်းလုံးမှုနှင့် ဖွံ့ဖြိုးမှုသည် ပို၍ခိုင်မြဲလာမည်ဖြစ်ပြီး ပိုမို၍ သဟဇာတ ကျ

မည်ဖြစ်သည်။မိမိတို့လူမှုအဖွဲ့အစည်းအတွင်း ဖွံ့ဖြိုးမှုသဟဇာတဖြစ်ရေးသည် အနာဂါတ် မိမိတို့ လူမျိုးစည်းလုံးမှုအတွက် အထူးလိုအပ်လှပါသည်။

ထိုနည်းတူ မြို့ကြီးပြကြီးများ၌ ချင်းအမျိုးသားပါစတာအများအပြား အမှုတော်ထမ်းဆောင်နိုင်ခဲ့ခြင်းအပေါ် မိမိတို့လူမျိုးအတွက် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာအဖြစ် ဂုဏ်ယူဝမ်းမြောက်ခဲ့ကြသည့် အတွေးအခေါ် အယူအဆများနှင့် ပါတ်သက်၍ အလေးအနက်စဉ်းစားသင့်သည်ဟု ယူဆရပါသည်။ အကြောင်းမှာ မိမိတို့ချင်း လူမျိုးများ၏ ခရစ်ယာန်ဘာသာအပေါ် သက်ဝင်ယုံကြည်မှု ရှင်သန်ကြီးထွားပြီး ဘုရားသခင်၏ နိုင်ငံတော် ကျယ်ပြန့်ဘို့ရန်အလို့ငှာ မေတ္တာ၊ စေတနာ၊ အနစ်နာကို အရင်းခံလျက် အမှုတော် ထမ်းဆောင်ခြင်းမျိုး ဖြစ်လျှင်မူ မည်သို့မျှ စောဒကတတက်ရန်လိုမည်မဟုတ်ပေ။

သို့သော် ထိုသို့မဟုတ်ပဲ ကျေးလက်ဒေသများ၌ နေထိုင်ခြင်းဖြင့် တွေ့ကြုံရမည့် အနိဌာရုံများထက် မြို့ ကြီးပြကြီးများ၌ နေထိုင်ခြင်းဖြင့် တွေ့ကြုံရမည့် အသာစံမှုများကိုသာ ကောင်းကြီးမင်္ဂလာအဖြစ် မှတ်ယူလျက် အမှုတော်ထမ်းဆောင်ခြင်းမျိုးဖြစ်လျှင်မူ မိမိကိုယ်ကိုဖြစ်စေ၊ မိမိအသင်းတော်အတွင်း၌ဖြစ်စေ၊ မိမိတို့၏ အနေ အထားကို ပြန်လည်သုံးသပ်ရန် အထူးလိုအပ်လိမ့်မည် ဖြစ်သည်။ ဘုရားသခင်၏ နိုင်ငံတော်အတွက် အမှုတော်ကို ထမ်းဆောင်ရာတွင်သုခထက်၊ ဒုက္ခကိုပိုမိုအလေးထားရွေးချယ်ဖို့လိုအပ်ပါသည်။ သို့မှသာလျှင် ဘုရား သခင်နိုင်ငံတော်ကျယ်ပြန့်ရေးဘောင်မှတဆင့်မိမိတို့ လူ့အဖွဲ့အစည်း၏ဖွံ့ဖြိုးတိုးတက်ရေးကိုပါအထောက်အကူပြုပံ့ပိုးမှုပေးနိုင်မည်ဖြစ်ပါသည်။

## ချင်းအမျိုးသားများပိုင် ကျမ်းစာကျောင်းများ အပေါ် အမြင်တချို့

ခရစ်ယာန်သာသနာအနှစ်တရာအတွင်း ချင်းလူမျိုးများသည် ဘာသာရေးနှင့် ပါတ်သက်၍ မိမိတို့ လူမျိုး အတွင်း သာသနာပြန့်ပွားရေး Chin for Christ in One Century (C C O C) လုပ်ငန်းသာမကပဲ လူမျိုး ခြားများအတွင်း သာသနာပြန့်ပွားရေး Chin Mission for Christ (C M C)အတွက် လုပ်ဆောင်လျက် ရှိရာ ယနေ့တွင်အစေခံလူမျိုးများ အဆင့်ထိ ရောက်ရှိနိုင်ခဲ့ပြီးဖြစ်သည်။ ဤကဲ့သို့ ပေါ်ပေါက်လာခြင်းနှင့် ပါတ်သက်၍ မိမိတို့ လူမျိုးများအတွက် ဘုရားသခင်၏ ကောင်းကြီးမင်္ဂလာဖြစ်သည်မှာ ယုံမှားဖွယ်ရာမရှိပေ။ ထိုနည်းတူ ဓံဂေလိတရားဟောဆရာများ၊ ပါစတာများ လည်း ချင်းလူမျိုးများအတွင်း အများအပြား ပေါ်ထွက်လာခဲ့ပြီးဖြစ် သလို အခြားတဖက်၌ ချင်းအမျိုးသားပိုင်ကျမ်းစာ ကျောင်းများလည်း ပေမမို ဒေါက်မမို ပေါ်ပေါက်လာခဲ့သည်။ ၄င်းကို ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတရပ် အဖြစ် မှတ်ယူပြီး ဂုဏ်ယူ ဝမ်းမြောက်လျက် ကိုယ့်ငါးချဉ် ကိုယ်ချဉ်သည့် အရေးအသားများနှင့် အပြောအဆိုများလည်း ဖတ်ဖူး ကြားဖူးဖန်များပြီးဖြစ်ပါသည်။

မိမိတို့သည် ခရစ်ယာန်ဘာသာဝင် ချင်းလူမျိုးများဖြစ်ကြသည်နှင့် အညီ မိမိတို့ လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုး တက်ရေးတွင် (Secular)ဆိုင်ရာ အဆင့်မြင့် ကျောင်းများနှင့် ပညာရေးမျိုးသာမကပဲ အဆင့်မြင့်ဘာသာရေးကျောင်းများ ရှိရေးသည်လည်း အထူးလိုအပ်လှပါသည်။ သို့မှသာလျှင် အရည်အချင်းပြည့်ဝသော ပုဂ္ဂိုလ်များ မွေးထုတ်ပေးနိုင်မည်ဖြစ်သည်။ ရင့်ကျက်သော (Mature) လူသားများဖြစ်အောင် ပြုစုပျိုးထောင်ရေးသည် ကျောင်းပညာရေး၏ အဓိကဦးတည်ချက်ဖြစ်သလို ကျမ်းစာသင်ကျောင်း၏ ဦးတည်ချက် သည်လည်း ထိုသို့ပင် ဖြစ်သည်။ ထိုသို့သော ကျောင်းသား၊ ပါစတာများ မွေးထုတ်မှသာ ၄င်းတို့၏ သွန်သင်မှု၊ လမ်းညွှန်မှုနှင့် ဦး ဆောင်မှုများဖြင့် အသင်းတော်သူ၊ သားများအတွက် ဝိညာဉ်ခွန်အားဖြစ်စေလျက် အသင်းတော်လည်း ဖွံ့ဖြိုး တိုးတက်လာမည်ဖြစ်သည်။

ထို့ကြောင့် ကျမ်းစာကျောင်းအများအပြား ပေါ်ပေါက်လာခြင်းသည် မိမိကိုယ်ကျိုးစီးပွားကို မျှော်ကိုးသော ကျမ်းစာကျောင်းမျိုးသော်လည်းကောင်း၊ ယုံကြည်ချက်ကြောင့် အလျဉ်းမဟုတ်ပဲလျက် နိုင်ငံခြားအသင်းတော် တ ခုခု၏ ငွေကြေးထောက်ပံ့မှုကို မက်မောအားကိုးသော ကျမ်းစာကျောင်းမျိုးသော်လည်း ကောင်း မဖြစ်သင့်ပေ။

ကျမ်းစာကျောင်းဖွင့်လှစ်ရာတွင် မိမိတို့လူမျိုးအတွက် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတပါးအဖြစ် ခံယူရာတွင် ဝိညာဉ်ရေးနှင့် ပါတ်သက်၍ ဝိညာဉ်ရေး ပျောက်ဆုံးနေသူမိမိလူမျိုးကို မည်သည့် အတိုင်းအတာ အထိ ကယ်တင်နိုင်ခဲ့သည်၊ ကျောင်းသားအရည်အချင်းကို

မည်သည့်အဆင့်အထိ မြှင့်တင်နိုင်ခဲ့သည်၊ ရင့်ကျက်မှု အဆင့်ကို မည်မျှပျိုးထောင်နိုင်ခဲ့သည်၊ ၎င်းတို့မှ အသင်းတော်၊ လူမှုအဖွဲ့အစည်းဖွံ့ဖြိုးတိုးတက်မှုကို မည်သည့် အတိုင်းအတာအထိ အကျိုးပြန်ပြုနိုင်သည်ဆိုသော လောကီဆိုင်ရာ "စံ"သတ်မှတ်ချက်များ ရှင်းရှင်းလင်းလင်း ရှိရေးသည် အထူးလိုအပ်သလို တဖက်ပို၍ လိုအပ်သည်မှာ ထိုကျမ်းစာသင်ကျောင်းသည် လောကီဆိုင်ရာ ကိုယ်ကျိုးစီးပွားနှင့် မည်သည့် အတိုင်းအတာအထိ ကင်းကွာခဲ့သည် ဆိုသော အကျင့်သီလဆိုင်ရာ "စံ" သတ်မှတ်ချက်အပေါ် အခြေခံ၍ မှတ်ယူခြင်းသည် မိမိတို့ လူမျိုးအတွက် ပို၍ လိုအပ်မည်ဖြစ်သည်။ ထိုသို့ ပိုင်းခြား သတ်မှတ်တတ်ပါမှ ဘုရားသခင်၏ ကောင်းကြီး မင်္ဂလာအဖြစ်မှတ်ယူထားသည့် ကျမ်းစာသင်ကျောင်းသည် အသင်းတော်နှင့် လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုကို ပံ့ပိုးမှု ပေးနိုင်မည်ဖြစ်သည်။

## အသင်းတော်သစ်များ ပေါ်ပေါက်လာခြင်း အပေါ် အမြင်တချို့

မိမိတို့လူ့အဖွဲ့အစည်းအတွင်း ခရစ်ယာန်ဘာသာဝင်ဖြစ်မှုကာလ ရှည်ကြာလာသည်နှင့်အမျှ တဖက်တွင်လည်း အသင်းတော်သစ်များအများအပြား ပေါ်ပေါက်လာပြီးဖြစ်ပါသည်။ ထိုသို့အသင်းတော်သစ်များ ပေါ် ပေါက်လာရာတွင် ၎င်းတို့၏ (Doctrine)အယူ အဆနှင့် ယုံကြည်ချက် အပေါ် စောဒကတက် ဝေဖန်လိုခြင်းမရှိပေ။ မိမိအနေဖြင့် ဝေဖန်ပိုင်းခြားမှုလည်း ပြုလုပ်နိုင်မည်မဟုတ်ပေ။

သို့သော် ယနေ့မိမိတို့လူမှုအဖွဲ့အစည်းအတွင်း အသင်းတော်သစ်များပေါ်ပေါက်လာရာတွင် အယူဝါဒ၊ မူဝါဒ တခုခုအပေါ် တကယ်သက်ဝင်ယုံကြည်မှုကြောင့် ပေါ်ပေါက်လာသော အသင်းတော်သစ်များ ရှိသလို တဖက်၌ ယုံကြည်ချက်အယူဝါဒကြောင့် မဟုတ်ပဲ အသင်းတော်တခု၏ ခေါင်းဆောင်ဖြစ်လိုမှုကြောင့်သော် လည်းကောင်း၊ ယခင်အသင်းတော်အတွင်း စိတ်ဝမ်းကွဲမှုကြောင့်သော်လည်းကောင်း၊ လွဲမှားသော အယူဝါဒကြောင့်သော်လည်းကောင်း၊ နိုင်ငံခြားအသင်းတော်တခုခု၏ ငွေကြေးထောက်ပံ့ခံလိုမှုကြောင့် သော်လည်း ကောင်း ခရစ်ယာန်တဦး၏ အကျင့်သိက္ခာပိုင်းဆိုင်ရာနှင့် မအပ်စပ်သော အကြောင်းအချက်များအပေါ် အခြေခံ၍ အသင်းတော်သစ်များ ပေါ်ပေါက်လာခဲ့ခြင်းဖြစ်သည်။

ဤသို့ဖြစ်ရခြင်းအားဖြင့် ချင်းလူမျိုးများ၏ သာသနာအနှစ်တရာကျော် ခရစ်ယာန်ဘာသာသက်ဝင်ယုံကြည်မှု မည်သည့် အတိုင်းအတာအထိ ရှင်သန်ကြီးထွားပြီး ခိုင်မာနေသည်ကိုလည်းကောင်း၊ အသင်းတော်ကို စီးပွားရေးဈေးကွက်၊ လူမှုအသင်းအဖွဲ့ တခုပမာ ပေါ့ပေါ့တန်တန် သဘောထားတတ်မှုကိုလည်းကောင်း ထင်ဟပ်စေခဲ့သည်။ တဖက်တွင် မိမိလူမျိုးတို့၏ မရင့်ကျက်မှု၊ မတည်ငြိမ်မှု၊ မည်သည့်အရာကိုမျှလေးလေးနက်နက် မထားတတ်မှု၊ မရိုးသားမှု၊ မပြတ်သားမှု၏ အသီးအပွင့်များဟု ဆိုရမည်သာဖြစ်သည်။

အမှန်ဆိုရပါမူ ခရစ်ယာန်ဘာသာသည် လူသားတို့ကို ဝိညာဉ်ရေးရာသက်သက် သွန်သင်ပေးခြင်း မဟုတ်ပေ။ ဝိညာဉ်ရေးသာမကလူသားနှင့် လူမှုအဖွဲ့အစည်းအား ရုပ်ပိုင်း၊ စိတ်ပိုင်းဆိုင်ရာ ဖွံ့ဖြိုးမှုအတွက် မည်သို့မည်ပုံပြု စုပျိုးထောင်ရမည်၊ အကျိုးပြုရမည် စသည်ဖြင့် သွန်သင်ဆုံးမပေးခဲ့ခြင်းဖြစ်ပါသဖြင့် ဝိညာဉ်ရေး သက်သက် သွန်သင်သည့်ဘာသာအဖြစ် မရှုမြင်သင့်ပေ။

ထို့ကြောင့် ယနေ့မိမိတို့၏ အနှစ်တရာ ကျော်ကာလသော ခရစ်ယာန်ဘာသာဖြစ်မှုကို တဦးချင်း၊ လူမှုအဖွဲ့အစည်း၏ စိတ်ပိုင်း၊ ရုပ်ပိုင်းဆိုင်ရာ တိုးတက်ဖွံ့ဖြိုးမှုအတွက်မည်သို့အသုံးချရမည်၊ အတိုင်းအတာ မည်မျှအထိ အကျိုးပြုခဲ့သည်၊ ထိုဘာသာတရား အပေါ် မည်၍မည်မျှ အမွန်အမြတ်ထားပြီး အသုံးပြုနေကြပြီ ဖြစ်ကြောင်း အလေးအနက် ပြန်လည်သုံးသပ်သင့်ပြီ။

## ကောင်းကြီးမင်္ဂလာအဖြစ်ယူဆချက်အပေါ် အမြင်တချို့

၁၉၈၈ အရေးအခင်းနောက်ပိုင်း ချင်းလူမျိုးများ နိုင်ငံခြား ထွက်ခွါမှုနှုန်း ပိုမိုများပြားလာသည်နှင့် အညီ ရန်ကုန်၊ မန္တလေး စသည် မြို့ကြီးပြကြီးများသို့ပြောင်းရွှေ့အခြေချ နေထိုင်မှု သည်လည်း တနှစ်ပြီးတနှစ် ပိုမိုများပြားလာ သည်ကို တွေ့ရပါသည်။ ထိုသို့များပြား

လာသည်နှင့်အမျှ ထိုသို့များပြားလာသည်ကို " ချင်းလူမျိုးများအတွက် ဘုရားသခင်၏ ကောင်းချီးမင်္ဂလာတပါးအဖြစ် မှတ်ယူကာ ဂုဏ်ယူခြင်း၊ အားပေးအားမြောက်ပြုခြင်းနှင့် ဘယ်နေရာ၊ ဘယ်ဒေသမှာပဲနေနေ မိမိတို့၏ ဘာသာစကား၊ စာပေယဉ်ကျေးမှုကို ထိန်းသိမ်းနိုင်မည်ဆိုလျှင် ထိုနယ်မြေသည် မိမိတို့လူမျိုးအတွက် ဘုရားသခင်က ပေးသောနယ်မြေ၊ ဒေသအဖြစ် မှတ်ယူနိုင်ပါသည် " ဟူ၍ တလွဲ ဆံပင်ကောက် အတွေး အခေါ်အယူအဆများအား ဘာသာရေးဆိုင်ရာ မဂ္ဂဇင်း၊ စာစောင် များမှ တကြိမ်မက ဖတ်ဖူး၊ မှတ်ဖူးပါသည်။

ဤ တွေးခေါ်ယူဆမှုနှင့် ပါတ်သက်၍ မည်သည့်အရာကို " စံ " အဖြစ်ထားပြီး ကောင်းကြီးမင်္ဂလာအဖြစ် သတ်မှတ်နိုင်မည်နည်း၊ နယ်ခြား၊ မြေခြား၊ လူမျိုးခြားများအကြား၌ မိမိတို့၏ ဘာသာစကား၊ စာပေ၊ ယဉ်ကျေး မှုကို မည်သည့် အတိုင်းအတာ၊ အချိန်ကာလ မည်မျှကြာအောင် ထိန်းသိမ်းထားနိုင်မည်နည်း၊ ထိန်းသိမ်းနိုင် သည်ထားအုံး– ထိုသို့ထိန်းနိုင်ရုံဖြင့် ၎င်းနယ်မြေအား မိမိနယ်မြေအဖြစ် မှတ်ယူနိုင်ရန် မည်သည့်အရာကို အနိမ့်ဆုံး အခြေခံ " စံ" အဖြစ်သတ်မှတ်နိုင်မည်နည်း၊ ထိုသို့ သတ်မှတ်ခြင်းဖြင့် ပတ်ဝန်းကျင်၏ ပြန်လည် တုံ့ ပြန်မှုကို မည်သို့အကာအကွယ် ရယူ၊ ခုခံပြီး မည်သည့် အဆင့်အထိ ခုခံကာကွယ်နိုင်မည်နည်း စသည်ဖြင့် လက်တွေ့ကျသော စဉ်းစားပြောဆိုရေးသားမှုများ ပြုသင့်ပါသည်ဟု ယူဆရပါသည်။

လက်တွေ့လုပ်ဆောင်ချက်ဆိုသည်မှာ တွေးခေါ်ယူဆချက်အပေါ်အခြေခံပြီး ပေါ်ထွက်လာသည် ဖြစ်ပေရာ မှားယွင်းသော တွေးခေါ်ယူဆချက်အပေါ်အခြေခံသည့် လုပ်ဆောင်ချက်များသည် အကောင်းဖက်သို့ မည်သို့မျှ ဦးတည်နိုင်မည်မဟုတ်ပေ။ ထိုနည်းတူ ဘာသာရေးရာ၊ အမျိုးသားရေးရာများတွင် မှားယွင်းပြီးလက်တွေ့ မဆန်သော အယူဝါဒကို အခြေခံသော လုပ်ဆောင်ချက်များသည်လည်း မိမိအသင်းတော်နှင့် လူမှုအဖွဲ့အစည်းအား အထောက်အကူပြုပံ့ပိုးနိုင်မည်မဟုတ်ပေ။ ထို့ကြောင့် မှားယွင်းသော တွေးခေါ်ယူဆချက်၊ စိတ်ကူးယဉ်ဆန်ပြီး လက်တွေ့မဆန်သော အယူဝါဒများအား မိမိ လူမှုအဖွဲ့အစည်းအတွင်း မသွတ်သွင်းသင့်သလို အကာအကွယ်သဘောသက်ရောက်သော ပြောဆိုရေးသားခြင်းများလည်း မပြုလုပ်သင့်ပေ။

ယနေ့ ချင်းလဲန်သည်သာလျှင် ဘိုးဘွားဘီဘင် ကာလကတည်းကစပြီး ချင်းလူမျိုးများအတွက် ဘုရားသခင်က ပိုင်ဆိုင်ခွင့် ပေးသော နယ်မြေဖြစ်ကြောင်း၊ မိမိတို့ ချင်းလဲန် ပြန်လည်ထူထောင်ရေးနှင့် ချင်းလူမှုအဖွဲ့အစည်းကြီးအား တိုးတက်နေသော ခေတ်နှင့်အညီ ဖွံ့ဖြိုးတိုးတက်ရေးအတွက် ချင်းအမျိုးသားတိုင်း၏ သမိုင်းပေး အမျိုးသား တာဝန်ဖြစ်ကြောင်း၊ ထိုတာဝန်ဝတ္တရားများကို ရောက်ရှိရာ အရပ်ဒေသအသီးသီးမှ တတ်နိုင်သမျှ အုပ်တချပ်၊ သဲတပွင့် အဖြစ်ပါဝင်ပြီး တာဝန်သိသိ ထမ်းဆောင်ရန် လိုအပ်ကြောင်း စသည်အားဖြင့် မိမိတို့ချင်းလူမျိုးများအတွင်း သွတ်သွင်းသင့်ပါသည်။

မြေမြို၍ လူမျိုးမပြုတ်၊ လူမြို၍ လူမျိုးပြုတ်သည် ဟူသော ဆိုရိုးအတိုင်း မိမိတို့ချင်းလူမျိုးများအား သန်းချီသော ဟိန္ဒူ၊ မွတ်ဆလင်နှင့် ဗုဒ္ဓဘာသာဝင် လူမျိုးခြားများမှ ဝါးမြိုမသွားရေးအတွက် မိမိတို့၏ ဘာသာ စကား၊ စာပေနှင့် ယဉ်ကျေးမှု စသည် မိမိတို့၏ (Identities)များ ထိန်းသိမ်းရေးနှင့် ဖွံ့ဖြိုးတိုးတက်အောင် ပြုစု ပျိုးထောင်ရေးသည် အထူးလိုအပ်လှပါသည်။ လူမျိုးခြားများအကြားမိမိတို့၏ (Identities)များထိန်းသိမ်းရာတွင် အပြောသက်သက်မဟုတ်ပဲ လက်တွေ့ကျကျ လုပ်ဆောင်ရန်နှင့် ထိုသို့လုပ်ဆောင်နိုင်ရေးအတွက် နည်းလမ်းများ ရှာကြံဖော်ထုတ်ရေးသည်လည်း အထူးလိုအပ်သည်ဟု ယူဆရပါသည်။ ထို့ထက် အရေးကျသည် မှာ မိမိတို့သည် ချင်းလူမျိုးများဖြစ်ကြောင်းနှင့် လူမျိုးခြားများ အကြား မရှက် မကြောက်ပဲ မိမိလူမျိုးကို ချစ်မြတ်နိုး တတ်သော အရင်းခံစိတ်ဓါတ်နှင့် ထိုစိတ်ဓါတ်ကို သားစဉ်မြေးဆက် အထိ ထိန်းသိမ်းရေးနှင့် သွတ်သွင်းရေးပင် ဖြစ်ပါသည်။

## နိဂုံးချုပ်

ချင်းလူမျိုးများနှင့် ချင်းလူမှုအဖွဲ့အစည်း၏ ဖွံ့ဖြိုးမှုဖြစ်စဉ် သမိုင်းကြောင်းကို မော်ကွန်းတင် ရေးထိုးရပါမူ ခရစ်ယာန်ဘာသာ၏ အရေးပါပုံကို ချန်လုပ်ထား၍ မရပေ။ " ခေါင်းနဲ့ပန်းခွဲထားသော ငွေဒင်္ဂါး၏ တန်ဖိုးမဲ့မှု ပမာ ချင်းလူမှုအဖွဲ့အစည်းမှ ခရစ်ယာန်ဘာသာကို ဖဲ့ခွဲ

သွားပါက ချင်းလူမျိုးတို့၏ တန်ဖိုးရှိမှု၊ တည်ရှိမှုသည် လည်း အဓိပ္ပါယ်ကင်းမဲ့သွားမည်သာဖြစ်မည် ”ဟု ယူဆရ လောက်အောင် ခရစ်ယာန်ဘာသာသည် ချင်းလူမှုအဖွဲ့အ စည်းအတွင်း သန္ဓေတည် ခိုင်မြဲနေပြီဖြစ်ပါသည်။

ထို့အတူ ယနေ့လို နအဖစစ်အာဏာရှင်တို့၏ ဖက်ပေါင်း စုံမှ ဖိနှိပ်နေသည့် ကာလမျိုးတွင် အသင်းတော် ကို ဝိညာဉ်ရေးသက်သက်ဖြင့် မဟုတ်ပဲ မိမိတို့ လူမှုအဖွဲ့ အစည်းဖက်စုံ တိုးတက်ဖွံ့ဖြိုးတိုးတက်ရေး အတွက် မိမိတို့ ပြည်သူအား မားမားမတ်မတ် ဦးဆောင်လမ်းပြသမှုပြုခဲ့ သူများသည် လည်းအသင်းတော်များနှင့် ဘာသာရေး ဆိုင်ရာ အသင်းအဖွဲ့များပင်ဖြစ်သည်။ ၄င်းတို့၏ လုပ် ဆောင်ချက်များသည် အနာဂါတ် မိမိတို့လူမှုအဖွဲ့အစည်း ဖွံ့ဖြိုးတိုးတက်မှုဖြစ်စဉ်တွင် မည်သို့မျှချန်လှပ်ထား၍ ရနိုင်မည်မဟုတ်ပေ။

“ သစ်တုံးကြီးများ၌ ခလုတ်တိုက်ရိုးထုံးစံမရှိ ” ဟူသော ဆိုရိုးအတိုင်း ယနေ့ မိမိတို့လူမှုအဖွဲ့အစည်း အတွင်းရှိ ဘာသာရေးလောကအတွင်း ဖြစ်ပျက်နေသော အထက်ပါ ဆွေးနွေးချက်များသည် မိမိတို့ လူမျိုး လျှောက် လှမ်းရမည့် အနာဂါတ်ကာလ၌ မိမိတို့လူမျိုးအတွက် တိုက်မိခိုက်မိစရာ လုပ်ဆောင်ချက်၊ အတွေးအခေါ်၊ အယူ ဝါဒ ဖြစ်မသွားရေးသည် အထူးလိုအပ်လှပေသည်။ ထို့ ကြောင့် အသင်းတော်နှင့် မိမိတို့လူမှုအဖွဲ့အစည်းမှ အထက်ပါ အဖြစ်အ ပျက်အပေါ် သတ္တိရှိရှိ တုံ့ပြန်ရန်နှင့် လမ်းမှန်သို့ တည့်ပေးရေးသည် အထူးလိုအပ်မည်ဖြစ် ပါသည်။ ■



နှစ်တရာပြည့် ချင်းခရစ်ယာန် ဘာသာရေးပွဲတော် (ဖလမ်း)

## လျောင်အိမ်ထဲကငှက်

တနိုင်းခ

သန်းခေါင်ညတွေ
အလယ်မှာ
ငါဟာ --
တစ်ယောက်တည်းဆိုတဲ့ အသိစိတ်က
အနိုင်ယူ စိုးမိုးလို့
အတ္တရဲ့ အမုန်းပွား
သူ့ကိုအပြစ်တင်လည်း
ငါ့ကိုငါ နှိပ်စက်နေသလိုပါပဲ --
ရင်ထဲက
ခါးသီးတဲ့ နာကျည်းမှုတွေ
ရင်ဆိုင်ရမယ့် အထီးကျန်ဘဝ
သက်ပြင်းတွေသာ
အခါခါချ --
ငါကပဲ မှားခဲ့နေလား -
ပုထုဇဉ် လူသားအဖြစ်နဲ့
ဒို့ခံစားမှုတွေ မုန်းတီးနေမယ့်
တားဆီးဖို့ ခွန်အားဆို
ငါ့မှာ—မရှိတော့ပြီပဲ --
ဥသြငှက်ရဲ့ တေးသီချင်းဟောင်း
အခြံအရံမဲ့တဲ့ လမင်းကြီးလည်း
အိပ်စက်လို့နေပြီပဲ --
အတိတ်က အပြာရောင်အိမ်မက်တွေ
ပြဇာတ်ထဲက မင်းသမီးမျက်ရည်ဟာ
အဖော်မဲ့ ဇာတ်သိမ်းခဲ့ရပေါ့ --
ရင်ခုန်ဖူးခဲ့တဲ့
မင်းမျက်ဝန်းအကြည့်တွေ
ငွေရောင်လွှမ်းခဲ့ပြီလေ --
အခုချိန် --
ငါတယောက်တည်းပေါ့
“စိတ်သွားတိုင်း ကိုယ်မပါ” ဆိုတဲ့
ဘဝရောက်သွားခဲ့တော့
ငါဟာ ---။ ။

# သားကိုပြောလိုက်ချင်သည်

ရက်စွဲ၊ ၂၀၀၅ ခုနှစ်၊အောက်တိုဘာ (၁၈)ရက်

နိုင်းပဲန်လောမ်
တောတွင်းတနေရာ

အဖေ့သား --

မတွေ့မမြင်ရတဲ့ ရက်လနှစ်တွေ ကြာလှပြီမို့ သတိရလွမ်းဆွတ်ရင်းနဲ့ ချစ်သားလေးအတွက် ရှေ့တန်းစစ်မျက်နှာတနေရာကနေ အဖေစာရေးပေး လိုက်တယ်၊ သားတို့မိသားစု ကျန်းမာကြရဲ့လား အဖေလည်း ယခုထိတော့ ဘုရားသခင်ရဲ့ ကျေးဇူးတော်နဲ့ တိုင်းပြည်ရဲ့ တာဝန်တွေကို ထမ်းဆောင်နေလျက်ပါ။ သားတို့နဲ့ ပျော်ရွှင်စွာ ပြန်လည်ဆုံတွေ့နိုင်ဖို့ရာ အဘဘုရားထံ ဆက်ကပ်ဆုတောင်းလျှက်ပါ။ သားတို့လည်း အဖေ့အတွက် ဆုတောင်းပေးကြပါ။ သားရေ ကောင်းကင်နဲ့မြေကြီးကို အစိုးရသော အကျွန်ုပ်တို့၏ အဘဘုရားရှင် ဘုန်းတံခိုး အာနုဘော်ဟာ အဖေ့ဆီမှာ ကျိန်းဝပ်ပြည့်စုံလျှက်ပါ ချစ်သား။

မတွေ့ရတာကြာတော့ သားအဖေ့ကို သိပ်သတိရမှာဘဲမဟုတ်လား၊ အဖေလည်းသားကို အမြဲတမ်း သတိရလျှက်ပါ။ ဒါပေမယ် သားရဲ့အဖေဟာ အများပြည်သူရဲ့ အရေးကို ရှေ့ရှုပြီး အမိမြေအတွက် သမိုင်းပေးတာ ဝန်တွေကို ထမ်းဆောင်နေတယ်။ သားကို ချစ်တဲ့ အဖေဟာ သားကိုချစ်သလို သားတို့လိုကလေးတွေနဲ့ အမိမြေချင်းလဲန်တခွင်မှာ နေထိုင်ကျက်စားနေတဲ့ ချင်းလူ မျိုးတွေအားလုံးကို ချစ်တဲ့အဖေပါ။

ချစ်သော "သား"ကို အဖေပြောပြမယ် သားနားထောင်ပါ၊ အဖေဟာ အခုသားလေးလိုဘဲ အဖေနဲ့ အမေရှိပါတယ်။ သားကို အဖေချစ်သလိုဘဲ အဖေ့ရဲ့ချစ်သားလို့ အခေါ်ခံခဲ့ဘူးပါတယ်။ ဒါပေမဲ့ အဖေတို့ ချင်းလူမျိုးကို ဖိနှိပ်ချုပ်ချယ်၊ နိုင်ထက်စီးနင်းပြုနေကြတဲ့ ဗမာ စစ်အစိုးရ မဆလ၊ နဝတ၊ နအဖ အဆက်ဆက်၏ မင်းလုပ်အုပ်ချုပ်ခံဘဝမှ ကိုယ့်ကြမ္မာကိုယ်ဖန်တီးနိုင်သော ဒီမိုကရေစီပြောင်းလဲရရှိရေးအတွက် မွေးရပ်မြေကို ကျောခိုင်း၊ မိဘကိုလာခဲ့တာ နှစ်ပေါင်း(၁၀)နှစ် ကျော်တောင်ကြာပါပြီ သားရယ်၊ ယခုအချစ်ဆုံးသားလေးကို တောတွင်း တနေရာမှာ ထားရစ်ပြီးဒုတိယအကြိမ် လူသူကင်းမဲ့တဲ့ တောတွင်းတနေရာ၊ သားနဲ့ဝေးရာမှာ နေခဲ့ရပြန်ပြီပေါ့လေ၊

ချစ်သားရယ် အဖေ သားကို ပြောပြမယ်နားထောင်ပါ။ သားရဲ့အဖေဟာ လူသူကင်းမဲ့တဲ့ တောတွင်းမှာ ဓါးပြလုပ်စားနေတာမဟုတ်ဘူး၊ အများပြည်သူကောင်းစားရေး အတွက် ဒီမိုကရေစီတိုက်ပွဲကို ဆင်နွှဲနေတာ ဖြစ်ပါတယ်။ ယနေ့ အဖေတို့ဒီမိုကရေစီသာ မရပါက သားဟာ အဖေ့လိုဘဲ ဆင်းရဲ ဒုက္ခပေါင်း မြောက်များစွာကို ခံစားရမှာဖြစ်သည့် အတွက်ကြောင့် အမိမြေဒီမိုကရေစီနိုင်ငံတော်သစ် တည်ထောင်နိုင်ရန် အဖေတော်လှန်ရေး လုပ်ရတယ်လေသား၊ ဒီမိုကရေစီရမှသာ လွတ်လပ်စွာ ပြောဆိုရေးသားပိုင်ခွင့်၊ လုပ်ကိုင်ပိုင်ခွင့်၊ စည်းရုံးဖွဲ့စည်းပိုင်ခွင့်၊ သွားလာလှုပ်ရှားနေထိုင်ပိုင်ခွင့်၊ တရားစီရင်ပိုင်ခွင့်နှင့် အုပ်ချုပ်ပိုင်ခွင့်ရတော့မယ်လေသား၊ အဲဒီလိုကောင်းမွန်တဲ့ ဒီမိုကရေစီရရှိချိန်မှာတော့ ဗမာလူမျိုးကြီး စစ်အစိုးရကို သားမြင်ချင်ပါသေးတယ်ဆိုရင် တောင်သူတို့တတွေဟာ သူတို့ရဲ့ လုပ်ရပ်ကြောင့် မြေမြုံပြီး၊ ဘဝဇာတ်သိမ်းသွားကြမှာပါသား။

အမိမြေချင်းလဲန်မှာ လွတ်လပ်ပြီး တရားမျှတအောင် စီရင်ဆုံးဖြတ်နိုင်ရန် လူမျိုးကြီး ဗမာစစ် အုပ်စုများကို တော်လှန်ပုန်ကန်ရန်အတွက် ၁၉၈၈ ခုနှစ် မတ်လ(၂၀) ရက်နေ့မှာ ချင်းမျိုးချစ် လူငယ်များက ချင်းအမျိုးသားတပ်ဦး (CNF)ကို ဖွဲ့စည်းခဲ့တယ် ချင်းအမျိုးသားတပ်ဦး ဦးဆောင်မှုအောက်၌ ချင်းအမျိုးသားတပ်မတော် (CNA) ရှိတယ်။ ချင်းအမျိုးသားတပ်ဦးမှ ချမှတ်ပေးသော မူပေါ်လစီအရ အမျိုးသားတပ်မတော်က အကောင်အထည် ဖော်နိုင် ရန် လက်နက်ကိုင်လမ်းစဉ်ကို ရွေးချယ်ပြီး တိုက်ပွဲဝင်နေကြတယ်သား။။

ဤသို့ လက်နက်ကိုင်လမ်းစဉ် ကျင့်သုံးရခြင်းကို အကျဉ်းချုပ်ပြောပြချင်တယ် သား၊ ချင်းလူမျိုးများဟာ အင်္ဂလိပ်လက်အောက်ကျွန်ဘဝမရောက်ခင် ကိုယ့်မင်း ကိုယ့်ချင်း အုပ်ချုပ်လာကြတဲ့ လူမျိုးတစ်မျိုးဖြစ်ခဲ့တယ်။ ၁၈၉၅ ခုနှစ်မှာ ချင်းလူမျိုးများဟာ သူ့ကျွန်ဘဝသို့ ရောက်သွားကြပြီး နည်းအမျိုးမျိုး အသုံးပြုလျက် အင်္ဂလိပ်ကို တော်လှန်လာကြတယ်။ ထို့ကြောင် ၁၉၄၈ ခုနှစ်မှာ မြန်မာနိုင်ငံဟာ လွတ်လပ်ရေးကို ကြေညာနိုင်ခဲ့တယ်။ လွတ်လပ်ရေးအတွက် ၁၉၄၇ မှာရှမ်းပြည်နယ်၊ ပင်လုံ၌ ဗမာလူမျိုးများနှင့် တိုင်းရင်းသားလူမျိုးအားလုံး တန်းတူညီမျှရေးရှိပြီး ခွဲထွက်ပိုင်ခွင့် ရရှိရေးအတွက် တိုင်းရင်းသားကိုယ်စားလှယ် တော်ကြီးများနှင့် ဗိုလ်ချုပ်အောင်ဆန်းက ပင်လုံစာချုပ် လက်မှတ်ရေး ထိုးကြတယ်။

ဒါပေမဲ့ လွတ်လပ်ရေးရလာပြီး ချင်းလူမျိုးတွေဟာ စစ်အစိုးရတဖြစ်လဲ နေဝင်း၏ အလိမ်ကို ခံခဲ့ကြရကာ အနိုင်ကျင့် အုပ်ချုပ်မှုကိုခံလာခဲ့တယ်။ ဒီလိုနဲ့ ချင်းလူမျိုးများဟာဒုတိယအကြိမ်မြောက် သူ့ကျွန်ဘဝ ရောက်သွားခဲ့ရတယ်။ ထို့ကြောင့် ချင်းလူမျိုးကို ချစ်မြတ်နိုးသော ချင်းမျိုးချစ်နိုင်ငံရေးသမားများက နိုင်ငံရေးအရ ဖြေရှင်းရန် နည်းလမ်းမျိုးစုံ၊ ရှုထောင့်မျိုးစုံဖြင့် ကြိုးစားစေ့စပ်ကြသော်လည်း မသမာသူ စစ်အုပ်စု၏ သတ်ဖြတ်ခြင်း၊ ဖမ်းဆီး အကျဉ်းချထားခြင်းဖြင့် တုံ့ပြန်လာရာမှ ယခုလို လက်နက်ကိုင်တော် လှန်ရေးလမ်းစဉ်ရွေးချယ်လျက် စစ်ဘီးလူးကြီးများကို တိုက်ခိုက် တော်လှန်ရခြင်း ဖြစ်ပါတယ်။

အဖေ့တို့ တော်လှန်ရေးသမားများဟာ ပါတီရဲ့ ဦးဆောင်မှုအောက်မှာ ပေးထားတဲ့ တာဝန် တွေကို ကျေပွန်စွာထမ်းဆောင်နေကြပါတယ်။ သားရယ် အဖေပြောချင်တာရှိသေးတယ်။ သားကြီး လာရင် ကျောင်းတက်ရမယ် ပညာရှာရမယ် ဆယ်တန်း အောင်ပြီး ဘွဲ့ယူတဲ့အချိန်မှာ သားရဲ့ပညာကို လူမျိုးနဲ့ တိုင်းပြည်အတွက် အသုံးပြုရမယ် ဟုတ်တယ် မဟုတ်လားသား– ယနေ့ ချင်းလဲန်မှာ ပညာတတ်တွေပေါများလာပါတယ်။ ဒါပေမဲ့ ချင်းပညာတတ်တွေဟာ မိမိ၏ စားဝတ်နေရေး အတွက် အစ္စရေး၊ ဂျပန်၊ မလေးရှား၊ စင်ကာပူ၊ ကူဝိတ်၊ အမေရိကန်နိုင်ငံဆိုလား သွားရောက်အခြေချကုန်ကြတယ်။ အဖေတို့ လို ပညာမတတ်၊ စာမတတ်၊ အသိတ ရား ခေါင်းပါးတဲ့ လူတစ်စုကသာ ဒီမိုကရေစီအတွက် အ သက်ကို ပုံအပ်ပြီး တိုက်ပွဲဝင်နေကြတယ်။ ဒါပေမဲ့ အဖေ ဖွဲ့မလျော့ပါဘူး၊ အားလဲမငယ်ပါဘူး။ ချင်းလူမျိုးပညာတတ်တွေ မရှိပေမယ့် အရာရာဖန်တီးနိုင်စွမ်း ရှိသော ကျွန်ုပ်တို့၏ အဘ ဘုရားရှင်ကြီးက မြန်မာနိုင်ငံ ကြီးကို စစ်မှန်သော ဒီမိုကရေစီနိုင်ငံအဖြစ်သို့ ပြောင်းလဲစေမည့် တနေ့မှာ အဖေနဲ့ အဝေးရောက်ပညာတတ် (ဆလိုင်း)နဲ့ (မိုင်)ဟာလည်း အမိမြေကို ပြန်လာကြမှာပါ။

ချစ်သားရယ် အဖေဟာ ပညာမဲ့လူတန်းစား ထဲက လူတစ်ယောက်ပါ၊ ဒါပေမယ့် တိုင်းပြည်နဲ့ လူမျိုးအတွက် အထက်ကပေးတဲ့ တာဝန်ကို ထမ်းဆောင်ပါမည်ဟု ခိုင်မာသောသံဓိဋ္ဌာန်နဲ့ အမိမြေ၏ လိုအပ်ချက်အတွက် တာဝန်တွေကို ထမ်းရွက်နေတယ်။ ကားလမ်း၊ ရထားလမ်း၊ လှည်းလမ်းတောင် မပေါက်သေးတဲ့ တောင်ပေါ် ရွာကလေးတွေကိုဖြတ်သန်းပြီး အဖေ တစ်တောင်တက် တစ်တောင်ဆင်းလျက် အမိ ချင်းပြည်သူကို မတရား ကားလမ်းတူးခိုင်းခြင်း၊ တပ်စခန်းများ ဆောက် လုပ်ခိုင်း ခြင်း၊ ပေါ်တာထမ်းစေခြင်း၊ အတင်းအဓမ္မ စစ်တပ်ထဲဝင်ခိုင်းခြင်း၊ အမျိုးသမီးများကို အတင်းအဓမ္မ ပြုကျင့်ခြင်း၊ အတင်း အဓမ္မအိမ်နေရာ ပြောင်းခိုင်းခြင်း၊ မတရားလယ်ယာမြေများ သိမ်းပိုက်ခြင်း၊ လူ့အခွင့်အရေးချိုးဖောက်ခြင်း၊ ကလေးများ၏ အခွင့်အရေးချိုးဖောက်ခြင်းစသည့် စစ်အစိုးရရဲ့ဥပဒေမဲ့ လုပ်ရပ်များကို ဖော်ထုတ်နေရတယ်။

အဖေတို့ချင်းတောင်တန်းပြည်သူလူထုဟာ အင်မတန်ဆင်းရဲတယ်၊ ဝတ်စားဖို့မပြောနဲ့ စားဖို့ သောက်ဖို့ တောင်မှ မလောက် မငှဖြစ်နေကြတဲ့ အချိန်မှာ နိုင်ငံတော်ကို အုပ်ချုပ်နေတဲ့ စစ်ဘီးလူးကြီးများက ပြည်သူကို ကူညီပံ့ပိုးမယ်အစား တောင်ယာခွတ်ကြေး၊ အားကစားရံပုံငွေ၊ တွဲဖက်အလယ်တန်း ကျောင်းဖွင့်လို့ ဒါဏ်ငွေ၊ ကျောင်းသူ/သားများအား ကျောင်းဝင်ကြေး၊ အားကစားကြေး၊ ထိုင်ခုံကြေး၊ စသဖြင့် ငွေကြေးကို အဆမတန် ကောက်ယူပြီး အစိုးရအတွက် ရံပုံငွေရှာခြင်းတို့ကို ချင်းပြည်သူ လူထုကိုယ်စား အိုင်အယ်လ်အိုထံ တိုင်ကြား ပေးတယ်လေသား၊ ဒီလိုဘဲ ချင်းအမျိုးသားတပ်ဦးရဲ့ ဦးဆောင်မှုအောက်မှာ မိမိကျရာတာဝန်တွေကို တတ် အား

သမျှ လုံ့လစိုက်ပြီး အမျိုးသားတာဝန်ကို ထမ်းဆောင်နေရတယ်။

သားရယ် အဖေတို့ရဲ့ ကြိုးစားအားထုတ်မှုကြောင့် ယခုဆိုရင် အမိချင်းလဲန်မှာ စစ်ဘီးလူးကြီးများ၏ မကောင်းတဲ့ လုပ်ရပ်တွေ၊ မတရားဖမ်းဆီး ချုပ်နှောင်တာတွေ၊ မတရားအတင်းအဓမ္မအလုပ်ခိုင်းစေတာတွေ အားလုံးကို ကမ္ဘာက သိသွား ပြီလေ၊ ၂၀၀၅ ခုနှစ်၊ အောက်တိုဘာ ကမ္ဘာ့ကုလသမဂ္ဂညီလာခံမှာ မြန်မာ့အရေး ဆွေးနွေးနေကြပြီလေ၊ တနည်းအားဖြင့် အဖေကြီးဟာ ချင်းလူမျိုးများ မတရားပြုကျင့်ခံနေရတာတွေကို တိုင်ကြားပေးနေတဲ့ နအဖ တရားလိုကြီးပေ့ါ သားရယ်၊

အဖေ့ပြောစကားတွေကို သားမမေ့နဲ့နော်၊

သားချစ်တဲ့ အဖေ။ ။

---

**စာမျက်နှာ ၁၂ အဆက် -**

လုံလောက်စွာ အသုံး ချမှုနဲ့ ပိုင်ဆိုင်မှုဖြစ်ပါတယ်။ ငွေကြေးတခုတည်းလောက်ကို မစဉ်းစားပါနဲ့။ လူမှုရေး ယဉ်ကျေးမှု ဆိုတာလဲ ရိုးရာဝတ်စုံ လောက်၊ အမျိုးသားသင်္ကေတလောက်နဲ့ မလုံလောက်ဘူး။ ဘာကြောင့်ကျနော် ချင်းဖြစ်လာသလဲဆိုတာ ထင်ရှားစေတဲ့ ကြန်အင်လက္ခဏာလိုအပ်တယ်။

ပြောင်းလဲမှုဆိုတာတဒ်ဂအားဖြင့် အတုခိုးပြောင်းလဲလို့ရပေမဲ့ ကိုယ့်ရဲ့ ပကတိအနေအထားမှ နောက်တဆင့်တက်ပြီး လုံးဝပြောင်းလဲမှုသည်သာ အစစ်အမှန်ဖြစ်တယ်။ ဇောက်ထိုးပြောင်းလဲမှုဟာ ပြောင်းပြီးလဲနေရုံပဲရှိတယ်။ တနေရာမှ တနေရာသို့ ပြောင်းပြီးလဲတာကိုပြောတာ၊ ကျနော်တို့ရဲ့ ဖွံ့ဖြိုးရေးဟာ ရွှေ့ပြောင်း တောင်ယာ ခုတ်လုပ်သော အနေအထားမှသည် ၄င်းနဲ့ ဆက်စပ်လျက် နောက်တဆင့်အနေအထားကို ဘယ်လိုပြောင်းလဲမလဲ ဆိုတာပေ့ါ၊ ဒီလိုလုပ်ဆောင်ရာမှာ နိုင်ငံခြားအကူအညီတွေကို အားမကိုးပါနဲ့၊ အဓိကကတော့ ပြည်သူလူထုရဲ့ ပူးပေါင်းပါဝင်မှုပါပဲ စသဖြင့်-- စိတ်ကူးယဉ်အကောင်အထည်ဖေါ်ကြပါစို့လို့ တိုက်တွန်းယင်း--

■

**အဲလ် ဆော်တီး**

# သူငယ်ချင်း

**ဆန်း**

– သင့်ရဲ့စကားများ
  စွမ်းအားမကြီးတောင်
  အေးမြမြအပြုံးဆောင်ကျဉ်းပေးတဲ့
  အိုသူငယ်ချင်း။
– သင့်ရဲ့အရိပ်အောက်
  ဝင်နားခိုသူများ
  မျက်နှာမလိုက်
  တစ်စိုက်မတ်မတ်
  မြဲမြဲရပ်တဲ့ အို သွန်သင်စကား။
– မြင်သူအားကျ
  သင့်ကျင့်ဝတ်များ
  စံနမူနာပြု
  အတုခိုးသူထဲ
  ပြောကြဆိုကြ
  တော်လှန်သမားလည်းပါ
  ပြည်သူကြားထဲ
  ကြားနေဆဲပါ အိုသူငယ်ချင်း။
– မင်းစိုက်ထူထားခဲ့
  ထင်ကျန်ခဲ့တဲ့
  သွေးခင်းလမ်းမှာ
  ရှင်ပြနေကြ
  ပြည်သူနှလုံး
  အမည်ဂုဏ်ပုဒ်
  ထွန်းတောက်ဆဲပါ အိုသူငယ်ချင်း။
– ဘဝကုန်ခမ်း
  ချုပ်ငြိမ်းပြီးသွား
  ငြိမ်းမိုက်သွားလည်း
  ဒို့များနှလုံးထဲ
  လင်းမြဲလင်းလျက်
  ပန္နက်စိုက်ထူ
  ဂုဏ်ယူစွာနဲ့
  လှမ်းနေဆဲပါ အိုသူငယ်ချင်း။

12/9/04 Sun

# လုံးဝတားမြစ်ရေးလော၊ လျှော့ချသောက်သုံးရေးလော

**သောမတ်စ် ထန်နိုး**

## နိဒါန်း

ကျွန်ုပ်တို့ ချင်းလူမျိုးများသည် ဘိုးဘွားစဉ်ဆက်ရိုးရာချင်းခေါင်ရည်ကို ခုံခုံမင်မင် သောက်သုံးခဲ့ကြသည်။ နယ်ချဲ့ အင်္ဂလိပ်ကိုလိုနီဘဝ လက်အောက်ကျရောက်ပြီးနောက်ပိုင်း အရက်ဖြူ၊ ချက်အရက်များပေါ်လာပြီး နိုင်ငံခြား အရက်များကိုပါ သောက်သုံးလာခဲ့ကြသည်။ ၁၉၄၈ ခုနှစ် လွတ်လပ်ရေးရရှိခဲ့ပြီး ပါလီမန်ဒီမိုကရေစီခေတ် (ဦးနုအစိုးရလက်ထက်)တွင် ချင်းလဲန်အနှံ့ လွတ်လပ်စွာ သောက်သုံးလာခဲ့ကြသည်။ ၁၉၆၂ ခုနှစ်မှ ၁၉၈၈ခုနှစ်တော်လှန်ရေး ကောင်စီနှင့် မဆလခေတ်တွင် အစိုးရမှအရက်လိုင်စင်ထုတ်ပေး၍၄င်း၊ ကုန်သွယ်ရေးကော်ပိုရေးရှင်း (၄)မှ ထုတ်လုပ် ရောင်းချ၍၄င်း လွတ်လပ်စွာ သောက်သုံးလာခဲ့ကြသည်။ ၁၉၈၈ ခုနှစ် နောက်ပိုင်းမှ ယနေ့အထိ စစ်အစိုး ရက အရက်အမျိုးမျိုး (အန္တရာယ်ရှိသော အိုဘီအရက်အပါအဝင်)ကို ချင်းလဲန်အနှံ့ တင်ပို့ရောင်းချလာခဲ့ကြသည်။ အိန္ဒိယနိုင်ငံ၊ မီဇိုရမ်ပြည်နယ်တွင် အရက်လုံးဝ ပိတ်ပင်တားမြစ်သည့် ဥပဒေကို ကျင့်သုံးပြီး တပြည်နယ်လုံး အရက် ဆန့်ကျင်တိုက်ဖျက်နေသည့်ကြားမှပင် ဗမာပြည်မှ အရက်ကုန်များသည် မီဇိုရမ်ပြည်နယ်အထိ တင်ပို့ရောင်း ချလာကြသည်။ အရက်ကြောင့်ဖြစ်ပေါ်လာသော လူမှုရေးပြဿနာများ ယနေ့ချင်းလဲန် အနှံ့ ချင်းပြည်သူများကြုံတွေ့လျက်ရှိကြသည်။

## ခရစ်ယာန်သာသနာပြုများနှင့် အရက်တားမြစ်ခြင်း

၁၈၉၆ ခုနှစ်နယ်ချဲ့အင်္ဂလိပ်တို့က ချင်းလဲန်ကို သိမ်းပိုက်နိုင်ခဲ့သည်နှင့်တပြိုင်နက် ခရစ်ယာန်သာသနာပြုများ ချင်းလဲန်သို့ရောက်ရှိလာပြီး ချင်းလူမျိုးများကို ခရစ်ယာန်ဘာသာအယူဝါဒသို့ယုံကြည်ကူးပြောင်းစေခဲ့ကြသည်။ ခရစ်ယာန် ဘာသာယုံကြည်သူများကို ခရစ်ယာန်၊ မယုံကြည်သူများကို လောကီဟူ၍ ခေါ်ဝေါ်သုံးစွဲခဲ့ကြသည်။ အင်္ဂလိပ်၊ အမေရိကန်သာသနာပြု ဆရာ များကချင်းလူမျိုးခရစ်ယာန်များအား(၁)အရက် သောက်သုံးခြင်းမပြုရေး (၂) ယောင်ထုံး (ဆံထုံး) မထားရေး (၃)လံကွပ်တီမဝတ်ရေး(ဘောင်းဘီဝတ်ရန်) (၄)ရေကျက်သောက်သုံးရေးတို့ကိုသွန်သင်မှုပြုခဲ့ကြသည်။ ထိုအခါ ချင်းလူမျိုးလောကီများက ခရစ်ယာန်တို့အား အမျိုးမျိုးနှိမ့်ချပြောဆိုခဲ့ကြသည်။ ထိုခေတ်ကာလ၌ ဤသို့သွန်သင်မှုပြုခြင်းသည် ခရစ်ယာန် အယူဝါဒရှုထောင့်သာမက လူမှု ကျန်းမာရေးရှုထောင့်အတွက်အကျိုးဝင်သော သွန်သင်ခြင်းလည်း ဖြစ်သည်။

ယနေ့ချင်းခရစ်ယာန်များအကြား ဘာသာရေးအရ အရက်သောက်သုံးခြင်းကို အပြစ်တရားဟု ခံယူသူများနှင့် အလွန်အကျွံသောက်သုံးလွန်ကျူးခြင်းသည်သာ အပြစ်တရားဖြစ်သည်ဟုခံယူသူဟူ၍ နှစ်မျိုးနှစ်စားရှိကြသည်။

## ချင်းလူ့အဖွဲ့အစည်းနှင့် အရက်

ယနေ့ ချင်းလူမှုအဖွဲ့အစည်း အဝန်းအဝိုင်းတွင် အရက်သည် အတော်များများ နေရာယူထားပြီး မရှိမဖြစ်တော့သော အနေအထားတွင် ရှိနေတော့သည်။ ချင်းရိုးရာ ပွဲတော်များတွင် ခေါင်ရည်၊ နွားနောက်ဖြင့် ဧည့် ခံခြင်း၊ အမျိုးသမီး တောင်းရမ်း လက်ထပ်ပွဲ၊ တခြားလူမှုရေးဆိုင်ရာ ပွဲလမ်းသဘင်၊ သာရေး၊ နာရေး ကိစ္စများတွင် အရက်မပါယင် မပြီးတော့ပေ။ သို့ရာတွင် အရက်ပါဝင်သော ပွဲ၊ နေရာ၊ လူစုလူဝေးတိုင်းလိုလို၌ အရက်မူးပြီး ရန်ပွဲ၊ ငြင်းခုံပွဲ၊ ရိုက်ပွဲ၊ လူသတ်ပွဲများအထိ ဖြစ်သွားသော ပြဿနာများနှင့်သာ နိဂုံးချုပ်တတ်ကြသည်။

ယနေ့ချင်းလဲန်တွင် အိမ်ထောင်ရေးပြိုကွဲခြင်း၊ မိဘမဲ့ကလေးများပေါ်များလာခြင်း၊ လူ့သက်တမ်းမစေ့သေဆုံးကြရခြင်း၊ ပညာဆက်လက်မသင်ကြားနိုင်ကြခြင်း၊ ခိုးမှု၊ မုဒိန်းမှု၊ လူသတ်မှု စသော ပြစ်မှုပေါင်းများ တိုးပွားလာခြင်း စသည် လူမှုပြဿနာများ၏ မြစ်ဖျားခံရာသည် အ

ရက်ကြောင့်ဖြစ်နေသည်။ သုသေသနပြုလုပ်၍ စာရင်းဇယား၊ ကိန်းဂဏန်းများဖြင့် ဖော်ထုတ်သင့် သည်ဟုယူဆသည်။ ထို့အပြင်နိုင်ငံခြားတွင် အလုပ်ရှာဖွေလုပ်ကိုင်ခြင်း၊ ရွှေ့ ပြောင်းခြင်းများခေတ် စားလာပြီးနောက်ဌာနေကျန် အမျိုးသမီး (သို့မဟုတ်)အမျိုးသားများသည် အရက်ဆိုင်များတွင် အချိန်ဖြုန်းနေကြသည့် ပြသာနာလည်းထွက်ပေါ်လာသည်။

အရက်မူးလျှင် ဦးနှောက်အသိအာရုံပြောင်းလဲမှုဖြစ် ပေါ်စေသည်ဟူသော ကျန်းမာရေးဆိုင်ရာတွေ့ရှိချက်အပေါ် ဝေဖန်လိုခြင်းမရှိသော်လည်း ချင်းရဲဘော်များ အရက်မူးပြီး တိုက်ချင်ခိုက်ချင်စိတ်ထွက်ပေါ်လာခြင်းကို အင်္ဂလိပ်က ကောင်းစွာ အသုံးချခဲ့ကြခြင်းကိုမှုဖေါ်ပြလိုသည်။ အင်္ဂလိပ်စစ်တပ်ချင်းရဲဘော်ဟောင်းဖြစ်သူ ပူးထာလုံ (Thalung) က ***“ ဒုတိယကမ္ဘာစစ်တုံးက ငါတို့ ချင်းရဲဘော်တွေကို အမျိုးအစားကောင်း၊ အနံ့အရသာကောင်းတဲ့ အရက်တွေကို တိုက်ပြီး ကလေးကဘော်ဒေသမှာ စခန်းချနေတဲ့ ဖက်ဆစ်ဂျပန်တွေကို တိုက်ခိုင်းတာ ဂျပန်ရဲဘော်တွေအတုံးအရုံးပဲ သေကျေ ကြတယ်၊ ငါတို့လဲသေကြတာပဲ၊ ငါတို့နိုင်တာပေါ့၊ အင်္ဂလိပ်တွေက ငါတို့ချင်းရဲဘော်တွေ အရက်ကြိုက်မှန်းသိလို့ ရဲဆေးတင်အရက်တိုက်ပြီး အသုံးချသွားတာပါပဲ”*** ဟူ၍ ဝန်ခံပြောပြခဲ့သည်။

ကချင်၊ ကယား၊ ကရင်၊ မွန်၊ ရှမ်း တိုင်းရင်းသားလူမျိုးများနှင့် ပေါင်းသင်းဆက်ဆံနေထိုင်ခဲ့ကြပေလိမ့်မည်။ သူတို့သည်အရက်သောက်ကြသော်လည်း ကျနော်တို့လောက် မူးယစ်ရမ်းကားပြီး ဗရုန်းသုန်းကားမဖြစ်ကြပါ။ ကျနော်တို့ချင်းလူမျိုးများသည် ထိုသို့မဟုတ်ကြပေ။ ဤအချက်ကို တွက်ကြည့်ပါက ကျနော်တို့ချင်းလူမျိုးများသည် လူနေမှုအဆင့်အတန်းနိမ့်ကျနေသေးသည်ဟု ကောက်ချက်ဆွဲရမလိုဖြစ်နေသည်။ လူနေမှုအဆင့်အတန်းဟုဆိုရာ၌ အတွေးအခေါ်၊ ခံယူချက်အထိကျယ်ပြန့်အကျုံးဝင်နေသည်။ ချင်းလူမျိုးများ၏ အရက်အပေါ်ထားရှိသည့် ခံယူချက် များမှာ–

(၁) လူတဦးတယောက်အပေါ်မကျေနပ်ချက် ဖွင့်ဟလိုသည့်အခါ အရက်ကိုအသုံးချလိုခြင်း၊

(၂) အမျိုးသမီးတဦးအား ချစ်ရေးဆိုရာတွင် အရက်ကို ရဲဆေးအဖြစ်အသုံးချအဖြေရှာလိုခြင်း၊

(၃) အရက်မူးပြီးမှ လုပ်ဆောင်ချက်သည် တဖက်သားကခွင့်လွှတ်လိမ့်မည်ဟူသောခံယူခြင်း၊

(၄) အရက်မူးပြီး ခိုက်ရန်ဖြစ်ခြင်းဆိုသည့်ပြစ်မှုကို ဆက်တိုက်လုပ်ရန်ဝန်မလေးတတ်ခြင်း၊

(၅) အရက်သောက်သုံးမူးယစ်ခြင်းကို တဖက်သားအထင်ကြီးအောင် ကြေညာအသိပေးလိုခြင်း၊

(၆) နည်းနည်းသောက်၊ များများမူးဟန်ဆောင်လိုခြင်း၊

(၇) အရက်သောက်လျှင်သွေးဆိုးတတ်သည့် အကျင့်၊ ဆိုးသွမ်းမည်ဟု ခံယူခြင်း စသည်တို့ဖြစ်သည်။ ဤအတွေးအခေါ်၊ ခံယူချက်၊ စရိုက်ဆိုးကြီးကို စွန့်လွှတ်ဖျောက်ဖျက်ဖို့အချိန်သင့်ပါပြီ။

## ချင်းအမျိုးသားတပ်ဦး၏ အရက်အပေါ်ထားရှိသည့် ပေါ်လစီ

ကျနော်တို့တော်လှန်ရေးအတွေ့အကြုံအရ တပ်ဦးရဲဘော်အတွင်းအချင်းချင်းအရက်မူးပြီဆိုလျှင် အချင်းချင်းဓါးထိုးခြင်း၊ သေနတ်မောင်းတင်ပစ်ခတ် လုလုဖြစ်ခြင်း၊ ရန်သူ၏ ဖမ်းဆီး သတ်ဖြတ်ခံရခြင်း၊ သေနတ်ပျောက်ဆုံးခြင်း၊ ပြည်သူ့ဆက်ဆံရေးပျက်ပြားခြင်း စသည့်ပြသာနာအထွေထွေရှိခဲ့သည်။ ကျနော်တို့တပ်ဦး၏ ဆိုရိုးတခုမှာ “ **ရဲဘော်တွေ ငတ်ပြတ်ခြင်း၊ ပင်ပန်းခြင်း၊ အခက် အခဲကျော်ဖြတ်ခြင်းတွင် ခံနိုင်ရည်ရှိပေမဲ့ အရက်ပါဝင် သော ပျော်ပွဲရွှင်ပွဲ ဒါဏ်ကိုမူ ခံနိုင်ရည်မရှိကြ** ” ဟူ၍ဖြစ်သည်။ ချင်းရဲဘော်များ အရက်မူးပြီဟော့ဆိုလျှင် စစ်ဓလေ့ထုံးတမ်းလည်း မလိုက်နာ၊ မသိကြတော့ပေ။ ဥပမာ တခုပြောရလျှင် ကချင်ရဲဘော်များ အရက်မူးပြီးရန်ဖြစ်လျှင် သေနတ်၊စစ်လက်နက်ပစ္စည်း၊ အသုံးအဆောင်များကို ချွတ်ပြီး ရိုက်ပုတ်သတ်ကြရသည်မှာ စစ်ဓလေ့ထုံးစံနှင့်ကိုက်ညီပြီး အတုယူစရာလည်းဖြစ်သည်။

၁၉၈၈ ခုနှစ်နောက်ပိုင်း စစ်အုပ်စုက ချင်းလဲန်အတွင်း အရက်ကိုတင်သွင်းလာခြင်းသည် အရက်ကို အမျိုးသားမျိုးဖြုတ်ဖျက်ဆီးရေးလက်နက်သဖွယ် အသုံးချသည်ဟု ချင်းအမျိုးသားတပ်ဦးအနေဖြင့် သုံးသပ်ခဲ့သည်။

ထို့ကြောင့် တပ်ဦးအတွင်းဖြစ်စေ၊ ချင်းလဲန်အတွင်းလက်လှမ်းမှီရာ ( ဟားခါး၊ ဖလမ်း၊ ထန်တလန်၊ တီးတိန်၊ တွန်းဇံ၊ မတူပီ)မြို့နယ်များကို အရက်သောက်သုံးခြင်းကို လုံးဝပိတ်ပင်တားမြစ်ခဲ့သည်။ ကျန်ရှိသော မင်းတပ်၊ ကန်ပက်လက်၊ ပလက်ဝမြို့နယ်များကိုမူ အကန့်အသတ်ဖြင့်ထားရှိပိတ်ပင်ခဲ့သည်။ ၁၉၉၅– ၁၉၉၈ ခုနှစ် နှစ်ဦးအထိ အရက်ပိတ်ပင်တားမြစ်ရေးကို အင်အားသုံးအကောင် အထည်ဖေါ်ခဲ့ရာ အတိုင်းအတာတခုအထိ အောင်မြင်ခဲ့သည်။

အခြေအနေပြောင်းလဲလာသည်နှင့်အမျှ ၂၀၀၁ ခုနှစ်၊ စက်တင်ဘာလတွက်ကျင်းပသည့် ဒုတိယအကြိမ် ပါတီညီလာခံသက်တမ်း၊ စတုတ္တအကြိမ် ပါတီဗဟိုအလုပ်မှုဆောင်ကော်မီတီအစည်းအဝေးဆုံးဖြတ်ချက် အမှတ်(၄၁)အရ ချင်းအမျိုးသားတပ်ဦးသည် ပါတီနှင့် တပ်မတော်အတွင်းဖြစ်စေ၊ ပြည်တွင်းတွင်ဖြစ်စေ အရက် လုံးဝပိတ်ပင်တားမြစ်ခြင်းပေါ်လစီအစား အကန့် အ သတ်ဖြင့် အရက်သောက်သုံးရန်၊ အရက်နှင့် ပါတ်သက်၍ ပြည်သူနှင့် တပ်တွင်း ပညာပေးရေး တိုးမြှင့် ဆောင်ရွက်ရန် ပေါ်လစီချမှတ်မှုအပေါ် ဒုတိယအကြိမ် တပ်မှူးများ အစည်းအဝေးနှင့် တတိယအကြိမ် တပ်မှူးများ အစည်းအဝေးမှ အောက်ပါအတိုင်း အသေးစိပ်ချမှတ်ခဲ့သည်။

(၁) တာဝန်ချိန်အတွင်း အရက်သေစာလုံးဝ သောက်သုံးမှုမပြုရန်၊ (တပ်တွင်း)
(၂) ၄၈˚ ထက်ကျော်လွန်သောအရက်ပြင်းများမ သောက်သုံးရန်၊ (တပ်တွင်း)
(၃) ပြည်သူရှေ့မှောက်တွင် အရက်သောက် သုံးခြင်း မပြုရန်၊ (တပ်တွင်း)
(၄) အရက်နှင့် ပါတ်သက်၍ ပြည်သူနှင့် တပ် တွင်း ပညာပေးရေးတိုးမြှင့်ဆောင်ရွက်ရန်၊
(၅) ရဲဘော်တဦး တနေ့လျှင် ပုလင်းဝက်သာ သောက်သုံးရန်၊ (တပ်တွင်း)
(၆) အသက်(၁၈)နှစ်အောက်လူငယ်များ အ ရက် လုံးဝမသောက်ရန်၊

ဤသို့အကန့်အသတ်ဖြင့် အရက်သောက်သုံးခွင့် ပေါ်လစီထားရှိရခြင်းသည် ကျနော်တို့ချင်းအမျိုးသားများ၏ အနာဂါတ် နှစ်ပေါင်း ၅၀၊ ၁၀၀ ကို မျှော်ကိုးသဖြင့် ချမှတ်ရခြင်းဖြစ်သည်။ တပ်ဦးအနေဖြင့် ချင်းအမျိုးသားများ အရက်ကို စည်းကမ်းရှိရှိအသုံးချသောက်သုံးစေလိုသည့်ဆန္ဒ၊ အရက်အပေါ်ထားရှိသည့် အတွေးအခေါ်၊ အယူအဆ၊ ခံယူချက်များ တဖြည်းဖြည်းပြောင်းလဲစေလိုသည့်ဆန္ဒ၊ အရက်နှင့် ပါတ်သက်၍ပညာပေးလိုသည့်ဆန္ဒ၊ ခရစ်ယာန် ဘာသာရေးမှ ပိုမို၍တားမြစ်သွန်သင်မှုပြုစေလိုသည့် ဆန္ဒများနှင့် ပညာတတ်ချင်းလူငယ်များပြားနေပြီဖြစ်၍ ၄င်းတို့ ၏ နိုင်ငံတကာအတွေ့အကြုံ၊ အတွေးသစ် အမြင်သစ်များနှင့်အညီစီးပွားရေး လိုအပ်ချက်အရ တိုးတက်ဖွံ့ဖြိုးမှုကို လိုလားလာကြသည်နှင့်အမျှ နောင်အ



နာဂါတ်တွင် အရက်ကြောင့် ချင်းလူ့အဖွဲ့အစည်းကို အန္တရာယ်ပြုနိုင်တော့မည်မဟုတ်ဟူသော ထင်မြင်သုံးသပ်ချက်တို့ကြောင့်ဖြစ်သည်။

## နိဂုံး

အရက်ကြောင့် ချင်းပြည်သူလူထု၊ ချင်းအမျိုးသားများ လူမှုဒုက္ခပေါင်းစုံမှ ကင်းဝေးနိုင်ရန်မှာ အရက်ကို လုံးဝ မသောက်သုံးပါက ရှောင်ရှားနိုင်သလို အရက်ကို စည်းကမ်းရှိရှိ ဆင်ခြင်သောက်တတ်လျှင်လည်း ရှောင်ရှားနိုင်သည်။ အတွေ့အကြုံအရ ချင်းအမျိုးသားတပ်ဦးကသာ အင်အားသုံးပြီး တားမြစ်ပိတ်ပင်ခြင်းသည် ရေရှည် အတွက်လက်တွေ့မကျပေ။ “၄င်းတို့ကပဲ ပိတ်ပင်၊ ၄င်းတို့ပဲသောက်သုံး”ဟူသောဝေဖန်မှုနှင့်သာရင်ဆိုင်ရသည်။ ထို့ကြောင့် အုပ်စိုးသူ စစ်အုပ်စုကင်း၊ ဘာသာရေး၊ လူငယ်၊ အမျိုးသမီးအသင်းအဖွဲ့ စသည့် လူထုအခြေခံ အဖွဲ့အစည်းများက၄င်း၊ မိဘပြည်သူများကိုယ်တိုင်က၄င်း၊ ဝိုင်းဝန်းပံ့ပိုးပြီးလက်တွဲဆောင်ရွက်မှသာ အရက်ပိတ်ပင်ရေး (သို့မဟုတ်)လျှော့ချရေးကို အောင်မြင်နိုင်မည်ဖြစ်သည်။



တမ်ကွီး

### ဗြိတိသျှခေတ် နိုင်ငံရေးအပြောင်းအလဲ

ကျွန်တော်တို့လူမျိုးတွေကို စာပေပညာရှင်တချို့က ဤသို့ကောက်ချက်ချခဲ့ကြသည်။ The Kuki is generally an indefatigable hunter and snapper of game, warlike, bloodthirsty and destructive ….ဟူ၍ Encyclopedia Britanica,1959 ၌သော်လည်းကောင်း၊ Chin villages, often of seve- ral hundreds houses, were traditional self-contained units, some ruled by council of elders, others by head mans, There were also hereditary chiefs who exercised political control over large area and received tribute from cultivators of the soil …….ဟူ၍ the new Encyclopaedia Britnica, 1986 ၌သော်လည်းကောင်း ချင်းလူမျိုးများ၏ နိုင်ငံရေး၊ စီးပွားရေး၊ လူမှုရေး ကိစ္စအရပ်ရပ်ကို ခြုံငုံကမ္ဘည်းထိုးခဲ့ကြသည်။ နယ်ချဲ့ဗြိတိသျှ ကိုလိုနီ လက် အောက်ကျရောက်သည့် အချိန်ကစ၍ ဗြိတိသျှအစိုးရအနေဖြင့် နယ်လုစစ်ပွဲများကို ချုပ်ငြိမ်းအောင် ပထမဦးစွာကြိုးပမ်းပြီးနောက် ချင်းအမျိုးသား နိုင်ငံရေး အဆောက်အုံတခုအောက်၌ စုစည်းရန် အတန်တန်ကြိုးစားခဲ့သည်ဟု ဆိုနိုင်သည့် အထောက်အထားများတွေ့ရှိနိုင်ပေသည်။ ၁၈၉၂ ခုနှစ်က ကလတ္တားမြို့၌ ချင်း–လူရှိုင်း ညီလာခံကို ကျင်းပပေးခဲ့သည်။ ၁၈၉၆ ခုနှစ်က ချင်း တောင်တန်းများ အက်ဥပဒေကို ပြဋ္ဌာန်းပေးပြီး ၎င်းဥပဒေအားဖြင့် ချင်းလူမျိုးများအားလုံးစုစည်းဖို့ စတင် အကောင် အထည်ဖော်ဆောင်ရာ ၁၉၂၈ ခုနှစ်၌ ပခုက္ကူ ချင်းတောင်တန်းခရိုင်မှ ကန်ပက်လက်ဒေသကိုသော်လည်းကောင်း၊ ၁၉၃၀ ခုနှစ်၌ ရခိုင် တောင်တန်း အုပ်ချုပ်ရေးဒေသမှ ချင်းလူမျိုးများနေထိုင်ရာ ပလက်ဝနယ်ကိုသော်လည်းကောင်း အုပ်ချုပ်ရန် ဘာမင်ဟန် နန်းတော်မှ အမိန့်အသီးသီး ထုတ်ပြန်ခဲ့သည်။ ထို့အပြင် ၁၉၄၅ ခုနှစ် ဒုတိယကမ္ဘာစစ်အပြီး ချင်း–လူရှိုင်းနယ် တခုလုံး စုစည်းပြီး (The Crown Colony Scheme)အောက်၌ထားရှိရန် ဝန်ကြီးချုပ် ချာချီလ် ဦးဆောင်သော ကွန်ဆာဗေးတစ်ပါတီက ပေါ်လစီချမှတ်ခဲ့သည်။ သို့သော် ကွန်ဆာဗေး တစ်ပါတီ သည် အထွေထွေ ပါလီမန် ရွေးကောက်ပွဲ၌ ရှုံးနိမ့်ခဲ့ခြင်းနှင့် ဒုတိယကမ္ဘာစစ်အပြီးအခြား တိုင်းရင်းသားများနှင့် အတူ လွတ်လပ်ရေး အတူအကွ ရယူရန် ချင်းအမျိုးသားများကိုယ်တိုင်က

ဆုံးဖြတ်လာခဲ့သည့် အချက်များတို့ကြောင့် ဗြိတိသျှ အစိုးရသည် ၄င်း၏ ပေါ်လစီအကောင်အထည်ဖေါ်ဆောင်မှု လုပ်ငန်းကို ရပ်တန့်သွားခဲ့သည်။

## အမျိုးသားရေးနိုးကြားမှု သန္ဓေတည်လာခြင်း

၁၉၄၈ ခုနှစ်တွင် လွတ်လပ်ရေးရရှိလာသည့် အခါ ချင်းနိုင်ငံရေး ဓလေ့စရိုက်သည် ကျေးရွာ အဆင့်နှင့် Ram Uk တိုက်နယ် အဆင့်မှ ထိုထက်မက အဆပေါင်း များစွာ ကျယ်ပြန့်သော မြို့၊ မြို့နယ်၊ ပြည်နယ်၊ ပြည်ထောင်စု စသည့် နိုင်ငံရေးဆိုင်ရာ ဖွဲ့စည်းမှု အသစ်နှင့် နိုင်ငံရေး"ဓလေ့စရိုက်အသစ်သို့ ခုန်ကူးရာမှာ အခက်အခဲ များစွာကြုံတွေ့ရသည်။ မိမိတို့ ချင်းလူမျိုးများ ကိုယ်တိုင်က ဖလမ်း ညီလာခံ၌ အကြီးအကဲများ အုပ်ချုပ်ခဲ့သော ကျေး ရွာနှင့် တိုက်နယ်အုပ်ချုပ်ရေးစနစ်ဟောင်းကို ဖျက်သိမ်းကာ ဒီမိုကရေစီအဝန်းအဝိုင်း အောက်၌ ကိုယ့်ကြမ္မာ ကိုယ်ဖန်တီးခွင့်ရှိသော အမျိုးသားပြည်နယ် ဖြစ်ထွန်းရေးကို စတင်လုပ်ရှားလာခဲ့သည်။ ချင်းလူငယ်များ အကြံပေးချက် ၄-၃ ချင်းအမျိုးသားများ ထပ်ဆင့် ကျဆင်းပုံခေါင်းစဉ်အောက်၌ "*ချင်းဝိသေသတိုင်း ချင်းအမျိုးသားများ၊ နဂ တောင်တန်းရှိ ချင်းအမျိုး သားများ၊ ပြည်မအခြားဒေသရှိ ချင်းအမျိုးသားများအားလုံးစုပေါင်း၍ စုစုစည်းစည်း လူမျိုးစုကြီးတခုပီပီ မိမိတို့ချင်းအမျိုးသားတည်တံ့ခိုင်မြဲရေး၊ တိုးတက်ရေးကို ဆောင်ရွက်၍ ပြည်ထောင်စုမြန်မာ နိုင်ငံအတွင်း မှီတင်းနေထိုင်ကြသော အခြားလူမျိုးများနှင့်အတူ ပြည်ထောင်စု၏ တန်းတူအခွင့်အရေးကို ပြည့်ဝစွာရရှိခံ စားနိုင် ရေးသည် ရေးဆွဲလတ္တံသော ပြည်ထောင်စုမြန်မာနိုင်ငံဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင် စဉ်းစား ရမည့်အ ချက်တချက်အဖြစ် အပျက်အောက်တွင် တည်ရှိနေပေသည်*"ဟု ဆက်လက်တောင်းဆိုကြသည်။ သို့သော်လည်း ကျဉ်းမြောင်းသော ဗမာလူမျိုးကြီးဝါဒီများ၏ လက်ချက်ကြောင့် လွတ်လပ်ရေးရရှိသည့်နေ့ကစပြီး ယနေ့အထိ မိမိတို့ အမျိုးသားများ မျော်မှန်းထားသည့် နိုင်ငံရေး အဆောက်အအုံများ ပေါ်မလာနိုင်သေးသည့် အပြင်ချင်းအမျိုးသား နိုင်ငံရေး ဓလေ့စရိုက်သည်လည်း ပီပြင်စွာ အသွင်မကူးပြောင်းနိုင်သေးချေ။

## ချင်းလူမှုပြုပြင်ပြောင်းလဲရေး

ဗြိတိသျှကိုလိုနီခေတ်၌ ချင်းလူမှုပြုပြင်ပြောင်းလဲရေး ကို ဘာသာရေး၊ ရပ်ဝေး သာသနာပိုင် Carson က ဦးစီးဆောင်ရွက်ခဲ့သည်။ ချင်းတောင်ကိုရောက်စမှာ သူ့အမျိုးသမီးက "*ဤလူမျိုးနှင့် အလုပ်လုပ်လို့ ဖြစ်ပါ့မလား*"ဟု မေးခွန်း ထုတ်ခဲ့ဘူးသည်။ Carson ကမူ ခေါင်ရည်ဝိုင်း၌ နပန်းလုံးရင်း၊ တရားဟောရင်း ချင်းလူမျိုးများကို ခရစ်ယာန်သို့ ပြောင်းလဲစေခဲ့သည်။ ပထမဦးစွာ ဒေသသုံး ဘာသာ စကားအသီးသီးကို အခြေခံ၍ စာပေ တီထွင်ပေးခဲ့သည်။ သို့သော် တချို့ဒေသခံများမှ ၄င်းတီထွင်ပေးသောစာပေကို အသိအမှတ်မပြုပဲ ဗမာစာပေကို သင်ကြားပေးခဲ့ကြသည်။ ချင်းစာပေသင်ကြားသည့် မူလတန်းကျောင်းများကို ဖွင့်လှစ်ပြီး အောင်မြင်သူများကို ကျမ်းစာကျောင်းတက်ခွင့် ပြုသည်။ ကျမ်းစာကျောင်းပြီးသူများကို ဘုရားကျောင်း သင်းအုပ်၊ သင်းထောက်နှင့် အသင်းတော် လူကြီးများ အဖြစ်ခန့်ပြီး မိမိတို့ ဘာသာစကားဖြင့် ဘုရားသခင်ဂုဏ်တော်ကို ထောပနာပြုနိုင်ခဲ့ကြသည်။ ထို့အပြင် ခရစ်ယာန် အမျိုးသမီးအသင်းများ၊ လူငယ်အသင်းများဖွဲ့စည်းပေးပြီး ခရစ်ယာန်လူ့အဖွဲ့အစည်းတခုကို စတင်ရုပ်လုံး ဖော်သက်ဝင် လှုပ်ရှားစေခဲ့သည်။ ဤမှုဖြင့် မကျေနပ်သေးပေ။ နောင်လာမည့် အနာဂါတ်ကာလတွင် ချင်းတမျိုးသားလုံး၏ ဖွံ့ဖြိုးတိုးတက်ရေးကို ရည်စူး၍ လူမှုပြုပြင်ပြောင်းလဲရေးများကိုလည်း ဦးစီးလုပ် ဆောင်နိုင်ခဲ့ သည်။ Carson ကိုယ်တိုင်က ဦးဆောင်ပြီး ကျောင်းများဖွင့်လှစ်၍ စာပေသင်ကြားပို့ချသည်။ ထို့မျှမက စိုက်ပျိုးမွေး မြူရေးစနစ်ကိုလဲ အသီးအနှံမျိုးစေ့နှင့် အိမ်မွေးတိရိစ္ဆာန် မျိုးကောင်း၊ မျိုးသန့်များ အမျိုးမျိုး မှာယူတင်သွင်းပြီး ခေတ်မီနည်းစနစ်များ ဖြင့် ပညာပေး စိုက်ပျိုးမွေးမြူစေခဲ့သည်။ ကျန်းမာရေး ပြုစုစောင့်ရှောက်မှုကဏ္ဍ၌လည်း Dr. East ဦးဆောင်စေပြီး ဆေးဝါးကုသမှုနှင့် လူထုကျန်းမာရေး ပညာပေးလုပ်ငန်းများ အကောင်ထည်ဖော် ဆောင်ခဲ့ သည်။ လူနေအိမ်များကို ကျန်း မာရေးနှင့် ပိုမိုညီညွတ်အောင် အကုန်အကျနှင့်

လုပ်အားခ သက်သာအောင် ဆောက်လုပ်နိုင်သည့် နည်းပညာနှင့် လက်မှုလုပ်ငန်း ကျွမ်းကျင်မှုများကို Johnson က ဦးဆောင်ပြီး ဆောင်ရွက်အ ကောင်အထည် ဖော်ခဲ့ပါသည်။ တိုတောင်းသော အချိန်ကာလအတွင်း ၎င်းတို့သုံးဦး၏ လူမှုပြုပြင်ပြောင်းလဲရေး လှုပ်ရှားမှုကြောင့် ချင်းပြည်မြောက်ပိုင်း ဒေသတခုလုံးရှိ ချင်းလူမျိုးများ၏ စီးပွားရေးနှင့်လူမှုရေး၊ အတွေးအခေါ် အခြေအနေ သိသိသာသာ တိုးတက် ပြောင်းလဲလာသည်။ အသီးအပွင့် အဖြစ် ယနေ့တိုင် မြောက်ပိုင်းချင်း တောင်၏ သာသနာပိုင် ဒေသ အချို့သို့လည်း ဆက်လက် ပြန့်ပွားသွားသည်။

## ကလဲ့စားချေသည့် ဓလေ့

*(လူတချို့က ချင်းလူမျိုးအတွင်း ဂလဲ့စားချေမှု ဓလေ့သည် ဟာမူရာဘီ ကိုဥပဒေနှင့် ခြားနားခြင်းမရှိဟု ယူဆကောင်း ယူဆနိုင်သည်။ ၎င်းကိုဥပဒေသည် ဘီစီ ၁၇၉၂– ၁၇၅၀ အတွင်းက ဖြစ်ပြီး ယခု ချင်းလူမျိုးအတွင်း လဲ့စားချေဓလေ့သည် အေဒီ၁၅၀၀– ၂၀၀၆ အတွင်း ကမ္ဘာ့သမိုင်း၏ မျက်မှောက်ခေတ်၌ဖြစ်သည်။ ၁၉၄၈ ခုနှစ်က ချင်းအမျိုးသားကိုယ်စားလှယ်ပေါင်း ၅၀၀၀ က အကြီးအကဲ အုပ်ချုပ်ရေးစနစ်ကို ချုပ်ငြိမ်းစေပြီး ဥပဒေစိုးမိုးမှု အလေးထားကြသော ဒီမိုကရေစီစနစ် ကျင့်သုံးရန် သဘောတူ ဆုံးဖြတ်ကြပြီး ဖြစ်သည်။ ယနေ့တိုင် ယင်း သဘောတူ ဆုံးဖြတ်ချက်ကို မထီမဲ့မြင်ပြုပြီး လက်တွေ့ကျင့်သုံးမှု မပြုခြင်းသည် ယခင်မျိုးချစ် ပုဂ္ဂိုလ်များကို သစ္စာဖောက်ရာ ရောက်ပေသည်။)*

ကျွန်ုပ်တို့ ချင်းလူမျိုးများသည် မူလက မိရိုးဖလာနတ်ဘာသာကို ကိုင်းရှိုင်းယုံကြည်သူများ ဖြစ်ကြသည်။ ကလဲ့စားချေသည့် ဓလေ့သည်လည်း ဤဘာသာအယူဝါဒနှင့်အတူ ဖွားမြင်ခဲ့သည်။ ချင်းလူမျိုးအတွင်း နက်ရှိုင်းစွာ အမြစ်တွယ်ခဲ့သည်။ နယ်ချဲ့ဗြိတိသျှကိုလိုနီ လက်အောက်ကျရောက်သည်နှင့်တပြိုင်နက် နယ်မြေစိုးမိုးရေးနှင့် ဥပဒေစိုးမိုးရေးအတွက် နယ်လုစစ်ကို အပြင်းအထန်နှိမ်နင်းခဲ့ရာ နယ်လုစစ်ချုပ်ငြိမ်းစေခဲ့သည်။ သို့သော်လည်း ကလဲ့စားချေသည့် ဓလေ့မှာမူ အမြစ်ပြတ် မတွန်းလှန်နိုင်ခဲ့ပေ။ လွတ်လပ်ပြီးသည့်နောက်ပိုင်း နိုင်ငံ တော် တရား ဥပဒေ စိုးမိုးရေးကို အကောင်အထည် ဖော်ဆောင်ခဲ့သော်လည်း ယခုတိုင် အမြစ်မပြတ်နိုင်သေးပေ။ ပြစ်မှုတခုအတွက် တရားနှစ်ခါစီရင်သည့် လူမျိုးတခုအ ဖြစ် ကမ္ဘာ့အလယ်မှ ရပ်တည်ဆဲဖြစ်သည်။ ဤဓလေ့စရိုက်သည် ချင်းလူမျိုးများ၏ လူမှုဘဝဖွံ့ဖြိုး တိုးတက်ရေးကို များစွာ အဟန့်အတား ပြုခဲ့သည်။ သို့ဖြစ်၍ ဤ ကလဲ့စားချေစနစ်ကို ဖျောက်ဖျက်နိုင်မည့် နည်းလမ်းများရှာကြံရန် အထူးလိုအပ်လှပေသည်။ ဤကလဲ့စားချေစနစ်၏ မြစ်ဖျားခံရာသည် မိရိုးဖလာနတ်ဘာ သာဖြစ်သောကြောင့် ၎င်းအယူဝါဒကို အမြစ်ပြတ် ပြုပြင်ပြောင်းလဲမှသာလျှင် ချင်းလူမျိုးတို့၏ လူမှုဘဝသည်လည်း တိုးတက်ပြောင်းလဲလာမည်ဖြစ်သည်။

ဆက်လက်၍ ဘာသာရေးအယူဝါဒအပေါ် ဂလဲ့စားချေမှုဓလေ့၏ဩဇာသက်ရောက်မှုကို အနည်းငယ် ရေး သားလိုပါသည်။ အထက်ကဆိုထား သည့်အတိုင်း နတ်ဘာသာသည်ပင်ရင်းဘာသာဖြစ်သည်။ ဤဘာသာ အယူဝါဒသည် ကလဲ့စားချေသည့် ဓလေ့ကို အားပေး အားမြောက်ပြုလုပ်သော ဘာသာရေးဖြစ်သည်။ ကလဲ့စားချေသည့် ဓလေ့ကျယ်ကျယ် ပြန့်ပြန့် ကျင့်သုံးသည့် ဒေသများသည် များသောအားဖြင့် မိရိုးဖလာနတ်ဘာသာ ယုံကြည် ကိုးကွယ်သည့် ဒေသ များဖြစ်သည်။

နောက်ပိုင်းကာလများမှာ ချင်းလူမျိုးတချို့သည် မူလနတ်ဘာသာမှ ဗုဒ္ဓဘာသာသို့ ပြောင်းလဲလာသည်။ ဗုဒ္ဓကျောင်းထိုင်ဘုန်းကြီးများ(သို့) သာသနာပိုင်များသည် တခြားတိုင်းရင်းသားများဖြစ်ကြပြီး ချင်းဘာသာ စကားနှင့် ချင်းလူမျိုးများ၏ အတွင်းသဘောကို ကဃနဏာသိရှိသူများမဟုတ်ကြပေ။ ထို့ပြင် တရားဟောသည့်အခါ ဗမာ ဘာသာစကားနှင့် ပါဠိဘာသာစကားများဖြင့် ဟောကြလေရာ ဗမာစကားပင်လျှင် ကောင်းစွာနား မယဉ်ကြသော ချင်းပြည်သူများအတွက်မူ တရား သဘောပေါက်ရန် အလွန်ပင်ခက်ယဉ်းသည်။ ချင်းဗုဒ္ဓ ဘာသာဝင်တော်တော်များများတို့သည် မူလနတ်ဘာသာမှ ကူးပြောင်းလာကြသည့်သူများဖြစ်ရာ နတ်ဘာသာအယူ အဆတချို့ကိုပါတပါတည်း သယ်ဆောင်လာ ကြသည်ဖြစ်သဖြင့် ဘာသာနှစ်ခုစလုံးလုံးထွေးကိုးကွယ်နေကြသည်။ ထို့ကြောင့် ဗုဒ္ဓဘာသာ ကိုးကွယ်သူ ချင်း လူမှုအသိုင်းအဝိုင်းအတွင်း ကလဲစားချေမှုစနစ်သည် ယနေ့တိုင် ကိန်းအောင်းနေဆဲဖြစ်သည်။ ယနေ့တွင် ဒေသအတွင်း နေထိုင်

ကြသူများက ဤခလေ့ဆိုးကြီးကို ချုပ် ငြိမ်းစေချင်ကြသည်။ လွန်ခဲ့သော နှစ်ပေါင်း(၂၀)ကျော်က နယ်ခံခရစ်ယာန် အထင်ကရ ခေါင်းဆောင်တဦးက မိမိတို့ လူမျိုး၏ အရိုးစွဲကျင့်သုံးနေသည့် ကလဲ့စားချေသည့် ဓလေ့အား နိုင်ငံတော်တရားဥပဒေ စိုးမိုးရေးနည်းတခု တည်းဖြင့် အောင်မြင်နိုင်ဖွယ် ရာမရှိ။ ခရစ်ယာန် ဩဝါဒ၏ ကူညီဖေးမပေးမှုဖြင့်သာ အောင်မြင်နိုင်လိမ့်မည်ဟု ပြောခဲ့သည့် စကားတခွန်း ကြားယောင်နေမိသည်။ ဤ ကောက်ချက်သည် မှန်လျှင်လည်း မှန်နိုင်သည်။

ခရစ်ယာန်ဘာသာသည် ကျနော်တို့ လူမျိုးများအနေဖြင့် လွန်ခဲ့သောနှစ်ပေါင်း (၁၀၀)ကျော်က လက်ခံကူး ပြောင်းသည့် ဘာသာအယူဝါဒဖြစ်သည်။ ယခုအခါ လူဦးရေ၏ ၇၀%ကျော်က သက်ဝင်ယုံကြည်လာပြီးဖြစ်သည်။ ဤသို့လျင်မြန်စွာပြန့်ပွားနိုင်သည့် အကြောင်းရင်း တချို့ ဖော်ပြရလျှင် –

(၁) တရားဒေသနာကို မိမိတို့ဘာသာဖြင့် ဖတ်ရှုမှတ်သားနိုင်ပြီး ခံစားဟော ပြောနိုင်ခြင်း၊

(၂) မိရိုးဖလာနတ်ဘာသာထက် စုပေါင်း လုပ်ဆောင်မှု သက်ဝင်ရှင်သန်မှုရှိခြင်း၊

(၃) ၎င်းနှင့် နီးနွယ်သော လူထုအခြေပြု လူမှုအဖွဲ့အစည်းများ စနစ်တကျ ဖွဲ့စည်းနိုင်ခြင်း၊

(၄) အသင်းသူ /သားများအတွင်း ဒုက္ခ၊ သုခ မျှဝေခံစားခြင်း၊

(၅) ဘုရားကျောင်းများတည်ဆောက်နိုင်ခြင်း၊ လူမှုရေးလုပ်ငန်းများ စုပေါင်းဆောင်ရွက်နိုင်ခြင်း၊ ဧဝံဂေလိစေလွှတ်ခြင်း၊Missionary စေလွှတ်နိုင်ခြင်းတို့ကြောင့် ဖြစ်သည်ဟု အကြမ်းအားဖြင့် ကောက်ချက် ချမှတ်နိုင်သည်။

ဤဘာသာ၏ ဩဇာသက်ရောက်မှုကို အကောင်အထည်ဖြင့်ပြသရန်မှာ ခက်ခဲမည်ဖြစ်သော် လည်း ချင်းပြည်နယ် မြောက်ပိုင်းဒေသ ခရစ်ယာန်ဘာသာ ထွန်းကားသည့်ဒေသ၌ ကလဲ့စားချေသည့် ဓလေ့စရိုက်လုံးဝ ပျောက်ကွယ်သွားသည်။ နိုင်ငံတော်တရားရုံး များ၏ တရားဥပဒေ စိုးမိုးရေးကဏ္ဍကိုများစွာ အထောက်အကူပြုသည်မှာ ငြင်း၍မရပေ။

မည်မျှကောင်းသော နိုင်ငံ တော် တရား ဥပဒေများ ပြဋ္ဌာန်းပေးပါစေ။ အလွန်မြင့်မြတ်သော မည်သည့်ဘာသာအယူဝါဒ မျိုးကိုယုံကြည်လက်ခံပါစေ၊ ကာယကံရှင်မှ နက်နက်ရှိုင်းရှိုင်း ယုံကြည်ကိုးစားပြီး လက်ခံကျင့်သုံးမှုမရှိလျှင် အချည်းနှီးသာဖြစ်ပေမည်။ ဟုဆိုရမည်။

## အနာဂါတ်မဲ့သည့် ပြည်သူဘဝ

ချင်းပြည်နယ်တောင်ပိုင်း တချို့နယ်မြေများတွင် တောင်သူများသည် မိုးတွင်းကာလ တောင်ယာလုပ်ချိန် အ တွင်း မိသားစုနှင့်အတူ အိမ်မွေးတိရစ္ဆာန် အားလုံး တောင်ယာသို့ ယူဆောင်ပြီး နေထိုင်ကြသည်။ ကျနော်တော်လှန်ရေးခရီး စသည့်နှစ် ခရီးတထောက်နားချိန် နယ်စပ်တနေရာ၌ ၁၉၇၀ ဝန်းကျင်ကရန်ကုန် တက္ကသိုလ်မှ ဥပဒေပညာ ဆည်းပူးသူ (ကွယ်လွန်)၏ အာဘောင်အာရင်းသန်သန်နှင့် ၎င်း၏ အတွေ့အကြုံပြောပြချက်ကို ပြေးသတိရမိသည်။ ၎င်း၏ ပြောပြသော သတင်း ဂျာနယ်အမည် အတိအကျ မမှတ်မိသော်လည်း ဆိုလိုရင်းကို သာ ရေးသားပါရစေ။ ဆရာသိန်းဖေမြင့်က "ချင်းလူမျိုး တွေဟာ အိမ်ယာများ အတိအကျ မဆောက်လုပ်ပဲ တောင်ယာလုပ်သည့် နေရာတိုင်း နှစ်စဉ် ပြောင်းရွှေ့နေထိုင်ကြသည် " ဟူသောအရေးအသားကို ဖတ်ရှုမိသောအခါ မိမိအနေဖြင့် အလွန်တရာ စိတ်ထိခိုက်မိပြီး ရန်ကုန်တက္ကသိုလ်ချင်းကျောင်းသားများကိုစုရုံးပြီး မြန်မာ စာနယ်ဇင်း ထုတ်ဝေရေး ဌာနကို သွားပြီး တာဝန်ရှိသူများထံ ၎င်းစာကြောင်းအား ပယ်ဖျက်ပေးရန် တောင်းဆိုခဲ့သည်။ မိမိတို့ချင်းလူမျိုးများသည် စာရေးဆရာရေးသားသည့် အတိုင်းမဟုတ်ပဲ အတည်တကျနေထိုင်သူများဖြစ်ပါသည် ဟု ပြောပြပါသည်။ ထိုစဉ်အခါက ကျနော်အနေဖြင့် ထို တက္ကသိုလ် ကျောင်းသားဟောင်း၏ ခံစားချက်ကို မည်သို့မျှ မငြင်းနိုင်သော်လည်း အမှန်စင်စစ် အဆိုပါ စာရေးဆရာ၏ ရေးသားတင်ပြချက်သည် အဖြစ်မှန်ကို ရေးသားခြင်း မဟုတ်ပါ လော။ မိမိကိုယ်တိုင် စာရေးဆရာရေးသားချက် အတိုင်း ယနေ့အထိတောင်ယာသို့ ပြောင်းရွှေ့နေထိုင်

သည့် ချင်းလူမျိုးများ၏ ဓလေ့စရိုက်ကို ကိုယ်တွေ့မြင်ခဲ့သည်။ ဒေသခံ ပညာတတ် လူငယ်များ အနေဖြင့် နည်းလမ်း ပေါင်းစုံဖြင့် ဒေသတခုလုံးလွှမ်းခြုံသည့် ဖွံ့ဖြိုးရေးလုပ်ငန်းလုပ်ဆောင်ရန် ဆန္ဒပြင်းပြကြသော်လည်း အခြေအနေအမျိုးမျိုး၊ အခက်အခဲ အမျိုးမျိုးတို့ကြောင့် မအောင်မြင်နိုင်ပေ။ အနှစ်ချုပ်၍ ပြောရလျှင်သမုဒ္ဒရာ ဝမ်းတထွာပြည့်ဝရေး ရွှေ့ပြောင်း တောင်ယာစနစ်ကြောင့် သားသမီးပညာရေး၊ လူမှုရေး ထိပါးလာသည်။ နောင်တခေတ်၏ခေါင်းဆောင်လောင်းများဖြစ်ကြသော ကလေးသူ ငယ်ပြုစုပျိုးထောင်မှု ကင်းမဲ့ခြင်းသည် အနာဂါတ်မဲ့ခြင်းပင်ဖြစ်သည်။ နိုင်ငံတော်အစိုးရ၏ အုပ်ချုပ်ရေး ယန္တရားလည်ပတ်မှု မှုမမှန်ခြင်း၊ လူမှုရေးဖွံ့ဖြိုးမှု အပိုင်းကို ထိရောက်စွာ မဆောင်ရွက် နိုင်ခြင်း၏ အကျိုးရလဒ်ပင်ဖြစ်သည်။ ဤဒေသအတွင်းရှိ ပြည်သူများသည် ၎င်း တို့ကို အုပ်စိုးသောအစိုးရ ရှိသည် မရှိသည်ကို အလျှင်းမသိကြချေ။ သူတို့သိသမျှသည် စစ်အစိုးရဖြစ်သဖြင့်အစိုးရ အမည်ကြားလျှင် ပေါ်တာ၊ လုပ်အားခေါ်၊ အိမ်မွေး တိရစ္ဆာန်များကို တောင်း၊ ပြည်သူတွေကို ရိုက်နှက် စသည်တို့ကို သာသိရှိကြသည်။ အစိုးရကို မိစ္ဆာကောင်အဖြစ်သာမြင်ကြသည်။ ဤသို့လျှင် ယနေ့နအဖခေတ် နယ်စပ်ဒေသ ဖွံ့ဖြိုးရေးလုပ်ငန်း အစီအစဉ် ဆိုသည် ပြည်သူကို ကျော်လွန်ပြီး ဘယ်ကမ္ဘာဆီသို့ ရောက်သွားသနည်း။ ဗျူဟာ လမ်းမတူးဖေါ်ရာမှာလည်း နိုင်ငံတော်က ဘတ်ဂျက်ကို မဆိုစလောက်ချပေးပြီး ၎င်းဘတ်ဂျက်သည် လူထုထံမ ရောက်ပဲ လူထုလုပ်အားဖြင့် ဖေါက်လုပ်နေသည်။ ထို့ကြောင့် အရပ်သားပြည်သူလူထု အများစုက **နယ်စပ်ဒေ သဖွံ့ဖြိုးရေးစီမံကိန်းကို နယ်စပ်ဒေသလူထုနှိပ်စက် ရေးစီမံကိန်း** အဖြစ်အမည် ပြောင်းလဲခေါ်ဆိုကြသည်။ ■



# ချင်းအမျိုးသားနေ့ နှင့် ယနေ့ ချင်းအမျိုးသားရေးတာဝန်

ဒီကနေ့တွင်ကျရောက်သည့် ချင်းအမျိုးသားနေ့သည် (၅၈) နှစ်မြောက်သို့ပင် ရောက်ရှိနေပြီဖြစ်သော်လည်း ချင်းအမျိုးသားတို့၏ နှလုံးသားထဲတွင် သစ်လွင်ဆဲ၊ တောက်ပဆဲပင်ဖြစ်သည်။ အဘယ့်ကြောင့်ဆိုသော် လွန်ခဲ့သော ရာစုနှစ်ဝက်ကျော်က ချင်းပြည် အနယ်နယ်အရပ်ရပ်ကို ကိုယ်စားပြုသည့် ချင်းပြည်သူလူထု ၅၀၀၀ ကျော် စုစည်းကာ မြေရှင်ပဒေသရာဇ်စံနစ်ကို ချုပ်ငြိမ်းစေပြီး ဒီမိုကရေစီစံနစ်ကိုကျင့်သုံးရန်ရွေးချယ်ခဲ့ကြသည့် သမိုင်းဝင် နေ့ထူးနေ့မြတ်ဖြစ်ပြီး ယင်းဒီမိုကရေစီစံနစ်ကျင့်သုံးနိုင်ရေးအတွက် တိုက်ပွဲဝင်ဆဲကာလ၌ပင်ရှိနေကြခြင်းကြောင့်ဖြစ်သည်။

လွန်ခဲ့သောရာစုနှစ်ဝက်ကျော်က ချင်းပြည်သူများရွေး ချယ်ခဲ့ကြသည့် ဒီမိုကရေစီစံနစ်သည် နယ်ချဲ့ဆန့်ကျင်ရေးကာလ၊ အမျိုးသားရေးလှုပ်ရှားမှု ပြုလုပ်သည့် အချိန်ကာလကတည်းက စတင်သန္ဓေတည်လာခဲ့ပြီးလွတ်လပ်မှု၊ တရားမျှတမှုနှင့်တန်းတူညီမျှမှုရှိသည့် ဒီမိုကရေစီအခြေခံမူပေါ်တွင် အခြေခံ၍ ထွက်ပေါ်လာခဲ့ခြင်းဖြစ်သည်။ လွတ်လပ်ရေးရစက မြန်မာနိုင်ငံတွင် ကျင့်သုံးခဲ့သည့် ၁၉၄၇ခုနှစ် ဖွဲ့စည်းအုပ်ချုပ်ပုံအခြေခံဥပဒေတွင်ဒီမိုကရေစီ ဟူသောစကားကိုပင်မတွေ့ရသည့်အပြင် ထိုစဉ်အခါက မြန်မာ့နိုင်ငံရေးခေါင်းဆောင်များနှင့် မြန်မာအမျိုးသားရေးဝါဒများအနေဖြင့် အင်္ဂလိပ်နယ်ချဲ့ မောင်းထုတ်ရေးနှင့် ဆိုရှယ်လစ်လူ့ဘောင် တည်ဆောက်ရေးကိုသာ အာရုံစိုက် ခဲ့ကြသဖြင့် တကယ့်ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်လာသောအခါ သီအိုရီအရ ပြည်ထောင်စုစံနစ်ဖြစ်ပြီး လက်တွေ့တွင် တပြည်ထောင်စံနစ်ဖြစ်ခြင်းကြောင့် တပြည်ထောင်စံနစ်နှင့်၄င်းနှင့်ဆက်နွယ်၍ ကျင့်သုံးသည့် ဒီမိုကရေစီစံနစ်ကတိုင်းရင်းသားပြည်သူများကို ရောင့်ရဲတင်းတိမ်မှု မပေးစွမ်းနိုင်ခဲ့ပေ။ ထို့ကြောင့် လွတ်လပ်ရေးနှင့်အတူ ပြည်တွင်းစစ်မီး စတင်လောင်ကျွမ်းလာခဲ့ရခြင်းဖြစ်ပေသည်။ ချင်းပြည်သူများ မျှော်မှန်းခဲ့ကြသည့် ဒီမိုကရေစီစံနစ်သည် တန်းတူမှုရှိသော ဖက်ဒရေပြည်ထောင်စုအတွင်းကျင့်သုံးရမည့် ဒီမိုကရေစီစံနစ်ဖြစ်သည်နှင့်အညီ ချင်းအမျိုးသားတို့အနေဖြင့်တောင်ကြီးညီလာခံတွင်၄င်း၊ ရန်ကုန်ပြည်လမ်းရှိ အသံလွှင့်ရုံ ခန်းမဆောင်၌ကျင်းပသော ပြည်ထောင်စုမူနှင့် ပတ်သက်သည့် ဆွေးနွေးပွဲများတွင်၄င်း၊ ၁၉၇၄ ခုနှစ် ဖွဲ့စည်းပုံအခြေခံဥပဒေရေးဆွဲစဉ်က၄င်း ဒီမိုကရေစီစံနစ်နှင့်တန်းတူမှုရှိသော ဖက်ဒရေပြည်ထောင်စု တည်ဆောက်ရေးအတွက် တစိုက်မတ်မတ် တောင်းဆိုလာခဲ့ကြပေသည်။

မဆလခေတ်၊ နဝတခေတ်၊ နအဖခေတ်များအထိ မိမိတို့ ဘိုးဘွားများအမွေအနှစ်ပေးခဲ့သည့် ချင်းပြည်နှင့် ချင်းလူမျိုးများ၏လွတ်လပ်မှု၊ တရားမျှတမှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ကို အာမခံသည့် ဒီမိုကရေစီစံနစ်နှင့် ၄င်းစံနစ်ကိုကျင့်သုံးသည့် တန်းတူညီမျှမှုသော ဖက်ဒရေပြည်ထောင်စုတည်ဆောက်ရေးအတွက် ချင်းအမျိုးသားများအနေဖြင့် တောင်းဆိုဆဲ တိုက်ပွဲဝင်ဆဲပင်ဖြစ်သည်။ ထို့ကြောင့် ပြည်ထောင်စုမြန်မာနိုင်ငံတော်တည်ဆောက်ခဲ့ စဉ်ကချင်းပြည်နှင့်ချင်းအမျိုးသားများ ပြည်ထောင်စုတွင် ပါဝင်လာခြင်းသည် ပင်လုံနှင့် ၄င်း၏ ဂတိကဝတ်များဖြစ်သော **"အခွင့်အရေးတူ၊ အခွင့်အလမ်းတူ၊ ရပိုင်ခွင့်တူ၊ ဒီမိုကရေစီကျကျခံစားခွင့်ရှိရေးနှင့်ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိရေး"** အပေါ်အခြေခံသည်။ တန်းတူမှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးပိုင်ခွင့်ရှိရေးပေါ် အခြေခံကာ တည်ဆောက်လာခဲ့သည့် ပြည်ထောင်စုသည် တန်းတူမှုကင်းမဲ့ပြီး တခြားတိုင်းရင်းသားတစုမှ ကျန်တိုင်းရင်း သားများအပေါ် စိုးမိုးချယ်လှယ်အုပ်ချုပ်ခြင်းသည် တရားမျှတမှုမရှိသည့် အပြင်ပြည်ထောင်စုပြိုကွဲရေးနှင့် တိုင်းရင်းသားစည်းလုံး ညီညွတ်မှုပြိုကွဲရေးဆီသို့ ဦးတည် လာနိုင်ပေသည်။

ထိုနည်းတူ ချင်းပြည်သူလူထုတရပ်လုံးကရွေး

ချယ် လက်ခံခဲ့ကြသည့် ဒီမိုကရေစီစံနစ်ကို စစ်အာဏာရှင်စံနစ်၊ လူမျိုးကြီးဝါဒကြီးစိုးသောစံနစ်နှင့်စစ်တပ်နည်းစစ်တပ်ဟန်စည်းကမ်းရှိသော ဒီမိုကရေစီစံနစ်များဖြင့် အစားထိုးပြောင်းလဲ ကျင့်သုံးရန်ကြိုးပမ်း အားထုတ်ခြင်းသည် ချင်းအမျိုးသားတို့၏ လွတ်လပ်စွာ ရွေးချယ်မှုနှင့် ကိုယ့်ကြမ္မာကိုယ်ဖန်တီးခွင့်ကို လစ်လျူရှုထားခြင်းသာ ဖြစ်သည်။

